


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# မေတ္တာပို့ရင်
# ရှင်းရှင်းလင်းလင်းပို့ပါ

၁၆၄

ဟောကြားသည့်နေ့
၉ - ၁ - ၅၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# မေတ္တာပို့ရင်
# ရှင်းရှင်းလင်းလင်းပို့ပါ

ဟောကြားသည့်နေ့
(၉-၁-၁၉၅၉)

စာမူခွင့်ပြုချက် အမှတ် - ၇၉၂/၂၀၀၁ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄/၂၀၀၂ (၁)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ ဇန္နဝါရီလ
တန်ဖိုး - (၅၀/-)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# မေတ္တာပို့ရင်
# ရှင်းရှင်းလင်းလင်းပို့ပါ

ဟောကြားသည့်နေ့ (၉-၁-၅၉)

ဝဋ္ဋနတရားဆိုတာ ကောက်ကျစ်တဲ့တရားလို့ မှတ်ထားပါ။ ဝဋ္ဋန တရားဆိုတာ ဘာတုံး (ကောက်ကျစ်တဲ့ တရားပါဘုရား)။ ကောက်ကျစ်တဲ့တရားလို့ မှတ်ထားရမယ်။ ကောက်ကျစ်တာက သူများကို မဟုတ်ဘူး။ ကိုယ့်အလုပ်ထဲမှာ ကိုယ်ကောက်ကျစ်တာကို မသိတာလို့ မှတ်ထားရမယ်။

ကိုယ်လုပ်နေတဲ့အလုပ်ပဲ ကောင်းတယ်လို့ ထင်တာပဲ။ ကောင်းတယ်လို့ထင်တဲ့ တရားကိုပင်လျှင် သူက ကောက်ကျစ်

ပြီး သင်္ကာလ ကောက်ကျစ်စဉ်းလဲပြီးနေတာကို မောင်ထွန်းလှ
တို့က မသိဘူးကွ (တင်ပါဘုရား) ဒါကြောင့် ကိုယ့်ဟာကိုယ်
သိဖို့ သတိပဋ္ဌာန်ကို ပြောရမယ်။

ဒါက ကောက်ကျစ်တာ၊ ဒါအမှန်ဆိုတာ သူများအထဲ
မှာ ဖြစ်တာမဟုတ်ဘူး။ ကိုယ့်အထဲတင် ကိုယ်ဖြစ်နေတာကိုပဲ
ဒါက အမှန်၊ ဒါက ကောက်ကျစ်တာလို့ မခွဲတတ်ဘူး၊ မခွဲ
တတ်လို့ရှိရင် ဒီပရမတ်ဟာ မပေါ်လာတော့ဘူး မပေါ်လာလို့
ရှိရင်ဖြင့် ကုသိုလ်လိုလိုနဲ့ အကုသိုလ်ဒွေက ဖြစ်ဖြစ်လာတယ်။

## ကုသိုလ်လိုလိုနဲ့ အကုသိုလ်

ကောက်ကျစ်တယ်ဆိုတာ ကုသိုလ်လိုလိုနဲ့ အကုသိုလ်
ဖြစ်နေတာကို မသိလို့၊ မသိတော့ကို အကုသိုလ်ကဝင်ကောက်
ကျစ်တာကို သတိမထားမိတတ်ဘူး၊ သတိမထားမိတတ်တော့
ကို ကိုယ်က ကုသိုလ်လို့ပဲ ထင်နေတယ်။ စင်စစ်တော့
အကုသိုလ်ဝင်နေတာ။

ကောက်ကျစ်တယ်ဆိုတာ ကုသိုလ်လိုလိုနဲ့ အကုသိုလ်
ဝင်ဖျက်နေတာကို ဆိုသည်။ ရှင်ပလား (ရှင်းပါပြီဘုရား)
ကောက်ကျစ်တယ်ဆိုတာ ဘာတုံး (ကုသိုလ်လိုလိုနဲ့ အကုသိုလ်
ဝင်ဖျက်နေတာကို ဆိုပါတယ်ဘုရား)။ အေး . . . ကုသိုလ်လိုလို
နဲ့ အကုသိုလ်ဝင်ဖျက်နေတာကို ဆိုသည်။

ဒါလူတိုင်း သိခဲ့တယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောလို့သာလျှင် ရှင်းရတယ် လင်းရတယ်၊ မင်းတို့ မှတ်ထားရမယ်၊ (တင်ပါဘုရား) သူက ဘယ်လောက်ရှိသတုံးဆိုတော့ ကောက်ကျစ်တဲ့ တရားက (၃၆) ကောင်ရှိတယ်၊ ကောက်ကျစ်တဲ့ တရားပေါင်း ဘယ်လောက်ရှိတုံး (၃၆ ကောင်ပါဘုရား) (၃၆) ကောင်ရှိတယ်တဲ့။

## ဖြုန်းခနဲ အကဲမခတ်နိုင်ဘူး

အဲဒါ တော်တော့ပညာရှိဆိုလို့ရှိရင်ဖြင့်၊ သူဝင်လာတာကို ဖြုန်းခနဲ အကဲမခတ်နိုင်ဘူး၊ ကုသိုလ်ပဲ ထင်နေတာ၊ စင်စစ်တော့ အကုသိုလ် ဝင်လာတာ၊ အကုသိုလ်ဝင်လာတာ ကုသိုလ်ထင် နေလို့ရှိရင်၊ အကုသိုလ်က ဝင်ကောက်ကျစ်လိုက်တယ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ကိုယ်ကတော့ ကုသိုလ်လုပ်နေတာပဲ၊ ကုသိုလ်လုပ်ပြီး သကာလ နေပြောသော်လည်း အကုသိုလ်က ဝင်လာတာ မသိလိုက်ဘူးတဲ့၊ ဘယ်သူက ဝင်ကောက်ကျစ်လိုက်တာတုံး (အကုသိုလ်က ဝင်ကောက်ကျစ်တာပါဘုရား) အကုသိုလ်က ဝင်ကောက်ကျစ်လိုက်ပြီလို့ မှတ်ရမယ်။

## မေတ္တာလိုလိုနဲ့ ကောက်ကျစ်တယ်

အဲတော့ အမြင်ရှိတဲ့ ပုဂ္ဂိုလ်၊ သတိပဋ္ဌာန် အားထုတ်တဲ့ ပုဂ္ဂိုလ်မှ ဒီဆရာကောင်း သမားကောင်းနဲ့လည်း ဆုံမသွန်သင်ထားမှု၊ ဟာ ဒါဝင်လာပါပေါ့လား အကုသိုလ် ကုသိုလ် လုပ်တဲ့အထဲ သူဝင်လာပါပေါ့လားလို့ သိတယ်။

အဲတော့ ဘာတုံးလို့ မေးတဲ့အခါကျတော့ **ရာဂေါ မေတ္တာရ ဝဉ္စေတိ၊ ရာဂေါ** = ရာဂဆိုတဲ့တရားသည်၊ **မေတ္တာရ**= မေတ္တာလိုလိုနဲ့၊ ဝဉ္စေတိ = ဒကာဒကာမတို့အပေါ်မှာ ကောက်ကျစ်စဉ်းလဲ၍ လာ၏။ လောဘလာတာပဲ ရာဂလောဘလာတာပဲ၊ လာပင်လာငြားသော်လည်း ကိုယ်က မေတ္တာပါပဲလို့ထင်နေတယ်။

## ဗြဟ္မာ့ပြည် လားတတ်တဲ့ကုသိုလ်

မေတ္တာဆိုတော့ မေတ္တာစေတသိက်ဟာ ကရုဏာတစ်ခါတည်း အင်မတန် ဗြဟ္မာ့ပြည် လားတတ်တဲ့ ကုသိုလ်ပါပဲ၊ သို့သော် ဒီထဲ ရာဂဝင်လာတာကို လောဘဝင်လာတာကို သိခဲ့တယ်တဲ့ မောင်အေးက မှတ်ထားရမယ် (တင်ပါဘုရား)။

ကဲ ဒါဖြင့် ပြောကြစို့တဲ့၊ ဒါ လမ်းခင်းနေတာပဲတဲ့ မသိမှာ စိုးလို့၊ မိမိက မေတ္တာပို့တယ်၊ မေတ္တာပို့ဆိုတာက ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ စီးပွားဥစ္စာ ရတနာ

တိုးတတ်ပါစေ၊ အန္တရာယ် ကင်း၍ ဘေးရှင်းပါစေလို့ ဆိုတဲ့ ဥစ္စာက မောင်အေး ဒါမေတ္တာ ပေါ့ကွာ (တင်ပါ့ဘုရား)။

## မေတ္တာတော့ပို့နေတာပဲ

မေတ္တာဆိုတဲ့ ဥစ္စာကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေ၊ ဒီလိုမေတ္တာပို့နေတာ၊ မေတ္တာတော့ ပို့နေတာပဲတဲ့၊ ပို့တဲ့အထဲက ဘယ်သူ့ပို့မိသတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ကိုယ်ခင်တဲ့ ပုဂ္ဂိုလ်၊ မင်တဲ့ပုဂ္ဂိုလ်၊ ကိုယ်အင်မတန် ချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်ကို လှည့်လှည့်ပြီး သကာလ သွားတယ်။

ချစ်ခင်ရင်းနှီးမြတ်နိုးတဲ့ ပုဂ္ဂိုလ်ဘက် လှည့်မသွားတတ်ဖူးလား (လှည့်သွားတတ်ပါတယ်ဘုရား) လှည့်သွားတော့ ချစ်ခင်မြတ်နိုးတဲ့ ပုဂ္ဂိုလ်ကို လှည့်ပြီးသကာလ၊ သူလည်း အရေးကြီးတယ်၊ သူလည်း အရေးကြီးတယ်၊ သူကျန်းမာဖို့ အရေးကြီးတယ်၊ သူချမ်းသာဖို့ အရေးကြီးတယ်ဆိုတော့၊ ဒီသူလေးကိုသာပြီး စူးစူးစိုက်စိုက် မကြည့်ဖြစ်ဖူးလား၊ ကြည့်ဖြစ်သလား (ကြည့်ဖြစ်ပါတယ်ဘုရား)။

ဒဲ့တော့ ဒီသူလေးဆိုတာက ကိုယ်နဲ့ အရင်းနှီးဆုံး၊ အချစ်ခင်ဆုံး၊ အကြင်နာဆုံးကို ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေဆိုလို့ရှိရင်ဖြင့်၊ မေတ္တာဆိုတဲ့

ဥစ္စာက အကုန်လုံးကို မေတ္တာပို့ရမယ့် ဥစ္စာကို၊ ဒီသမုဒယရှိတဲ့ ပုဂ္ဂိုလ်ကို အရင်ရောက်ပြီးသကာလ သွားတယ်၊ ဘယ်ရောက် သွားတတ်တုံးကွ (သမုဒယရှိတဲ့ဆီ ရောက်ပါတယ်ဘုရား)။

## သမုဒယရှိတဲ့ဆီရောက်တယ်

သမုဒယရှိတဲ့ဆီ ရောက်သွားတော့ သားလေးဆီ၊ သမီး လေးဆီ၊ ဆွေလေးဆီ၊ မျိုးလေးဆီ၊ ကိုယ့်စီးပွားဥစ္စာ ရတနာ အကူအညီပေးတဲ့သူဆီ၊ ဒီလိုချည်း ရောက် ရောက်သွားတယ်၊ ရောက်သွားတော့ မေတ္တာက မေ့တ္တာလိုလိုနဲ့ သူက တဏှာက လမ်းညွှန်ပြီးသကာလ သွားလိုက်တာက ခင်တဲ့လူ၊ မင်တဲ့လူ၊ ကိုယ့် ကျေးဇူးတုံ့ ကျေးဇူးစားရှိတဲ့လူ၊ ဒီဘက်ကိုသာ ရောက် ရောက်သွားတယ်၊ အားလုံးဘက်ကို ပျမ်းမျှခြင်း မသွားဘူး သူက၊ အားလုံးဘက် ပျမ်းမျှခြင်း မသွားတော့ ခင်တဲ့ဆီ၊ မင်တဲ့ဆီ လက်ညှိုးထိုးပြီးသကာလ ပြနေတာက လောဘကိုကွ (တင်ပါ ဘုရား)။

အဲဒီလောဘကိုပင်လျှင်၊ မင်းတို့က ခင်တဲ့ဆီ၊ မင်တဲ့ဆီ ချည်း လျှောက်သွားနေတဲ့လောဘကို၊ မင်းတို့ ကျုပ် မေတ္တာ ပို့ပါတယ် ဆိုတော့ မေတ္တာက ကုသိုလ်၊ ခင်တဲ့ဆီ မင်တဲ့ဆီကို ညွှန်ပြနေတာက လောဘ ဆိုတော့ ကိုယ်ကတော့ မေတ္တာပို့ နေတယ် ထင်တာပဲတဲ့၊ စိတ်က ဟိုဘက်ဆီ ရောက်ရောက်သွား

တယ်၊ မရောက်တတ်ဖူးလား (ရောက်တတ်ပါတယ်ဘုရား)။ ဘယ်ရောက်တတ်တုံး (ခင်တဲ့မင်တဲ့ဆီပါဘုရား) ခင်တဲ့ မင်တဲ့ဆီ မရောက်တတ်ဘူးလား (ရောက်ပါတယ်ဘုရား)။

ခင်တဲ့ မင်တဲ့ဆီပဲ ရောက်သွားတယ်၊ မေတ္တာဆိုတာ ပျံမ်းမျှခြင်းအကုန် သွားရမှာ၊ မောင်အေးက မသွားချင်ဘူးကွ၊ အနားမှာ ကလေးလေးတွေ အိပ်နေတယ်ဆိုလို့ရှိရင် ဒီကလေး လေးတွေပဲ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အင်း . . . မိနု ဒီနား ရှိတဲ့လူ အရေးကြီးနေတာ မဟုတ်လား (တင်ပါဘုရား)။

ဒီနားရှိတဲ့ လူကတော့ စဉ်းစားကြည့်ပါလားတဲ့၊ ဒါ အခင် ဆုံးလူ အမင်ဆုံးလူမှ ဟုတ်ပါရဲ့လားလို့ အစ်မတို့ မေးကြည့်ရင် ဘယ့်နှယ်ပြောကြမတုံး (ဟုတ်ပါတယ် ဘုရား)၊ အဲတော့ ဒီ အခင်ဆုံး လူကို အမင်ဆုံးလူကို မောင်အေး ရောက်ရောက်သွား တယ် (မှန်ပါ ရောက်ပါတယ်ဘုရား)။

ရောက်သွားတော့ကာ အခင်ဆုံး အမင်ဆုံးဆိုတဲ့၊ ခင်တယ် မင်တယ်ဆိုကတည်းကိုက တဏှာလောဘ (တင်ပါ့ ဘုရား) အဲဒီတဏှာလောဘနဲ့ ခင်တဲ့မင်တဲ့ ဆီရောက်သွားတယ် ရောက်သွားပြီး မင်းတို့က ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတဲ့ မေတ္တာက နောက်က အသံကောင်း လုပ်တယ်ပေါ့ကွာ။

## တဏှာညွှန်ရာမေတ္တာလိုက်နေတာ

အသံကောင်းလုပ်ပြီးသွားတော့ကို အင်း . . . ဘယ်သူက လက်ညှိုးညွှန်ရာသို့ မေတ္တာက လိုက်သတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမတုံး (တဏှာညွှန်ရာကိုပါဘုရား) တဏှာညွှန်ကြားရာသို့ မောင်ဆွေထွန်းရေ မေတ္တာ လိုက်နေတာ သဘောကျပလား (ကျပါတယ်ဘုရား)။

မေတ္တာ၏ ခင်မှု မင်မှုကြောင့် ပြောဆိုနေတဲ့ စကားမျိုးဖြစ်မနေဘူးလား၊ ဒါမေတ္တာလို့ ဆိုမလား၊ ခင်မှုမင်မှုက ရှေ့သွားထားတာကို မေတ္တာလို့ ဆိုမလားလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် . . . တဲ့၊ ဒါ မသိလိုက်ဘူးတဲ့ ကိုယ်ကတော့ မေတ္တာပို့နေတယ်လို့ ထင်တာပဲ (တင်ပါဘုရား)။

သူက လက်ညှိုးညွှန်ပြနေတာက ဒါ နင့်သား၊ သမီး ဒါလေးတွေ ကျန်းမာမှ နင်တို့ နေရာကျမယ်၊ ဒါလေးတွေ မကျန်းမာရင် နင်တို့ ခေါင်းကိုက်တာပဲ မဆိုလည်း ဆိုဘိသကဲ့သို့ သူက လမ်းမှန်၊ လမ်းမှန်ပြနေတာ မိနူက (တင်ပါဘုရား)။

ဘယ်သူက လမ်းမှန်ပြနေတာ (တဏှာက လမ်းမှန်ပြနေတာပါဘုရား) တဏှာက လမ်းမှန်ပြနေတာ၊ မေတ္တာကလည်း နောက်က (လိုက်ပါတယ်ဘုရား) "**အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု**" နဲ့ တစ်ခါတည်း မောင်းမအသူရာတွေနဲ့ လာလိုက်တဲ့ ဖြစ်ခြင်း မလာဘူးလား (လာပါတယ်ဘုရား)။

**မေတ္တာစစ်ကဲ့လား**

လာလိုက်တော့ကိုတဲ့ ဒီမှာ စဉ်းစားကြည့်တော့ မင့်ဟာ မေတ္တာစစ်ကဲ့လား တဏှာများ ပါနေသလားလို့ ဆိုတာ တွေးမိကြရဲ့လား (မတွေးမိပါဘူးဘုရား) မတွေးမိတော့ကို ဒါဖြင့် ရာဂဆိုတဲ့ တဏှာက ဝင်ပြီးလှည့်စားပြီး သူက မေတ္တာလုပ်နေလိုက်တာကိုကွ (တင်ပါဘုရား)။

ရာဂဆိုတဲ့ တဏှာက ဘာလုပ်နေလိုက်တာတုံး (ရာဂဆိုတဲ့ တဏှာက ဝင်ပြီး မေတ္တာလုပ်နေလိုက်တာပါ ဘုရား) မေတ္တာလုပ်ပြီးသကာလ သူကနေပြီးသကာလ စုန်းပူးသလိုပေါ့ကွာ၊ သူက ဝင်ပြောနေတဲ့ဥစ္စာကို မင်းတို့က ဒီပုဂ္ဂိုလ်က ပြောတယ် ထင်နေတာ၊ ပယောဂက ပြောနေတာ (တင်ပါဘုရား)။

အဲတော့ မေတ္တာ အော်ကျယ် အော်ကျယ်ပို့နေငြားသော်လည်း ချင့်ယုံကြကွ . . . (တင်ပါဘုရား) ချင့်မယုံရ ပေဘူးလား ယုံရမှာလား (ချင့်ယုံရမှာပါဘုရား) ချင့်ယုံရမှာ၊ သို့သော်လည်း ဒါက ဆရာသမားနဲ့ ဘုရားကို ကြေလည်ပြီးသကာလ ပြောတတ် ဆိုတတ်တဲ့ ပုဂ္ဂိုလ်ရှိမှ၊ ဩော် . . . ဒါလှည့်ပြီဆိုတာ သိတယ်၊ ရာဂက ဝင်ကောက်ကျစ်သွားပြီဆိုတာ သိတယ် (မှန်လှပါဘုရား) သို့မဟုတ် သိပ့်မလား (မသိပါဘူးဘုရား)။

## မေတ္တာစစ်ဟာ ရှာမှရှားတယ်

မသိပါဘူးတဲ့၊ အားလုံးပို့နေတဲ့ မေတ္တာဟာ များသော အားဖြင့်၊ ဒီလိုကောက်ကျစ်တာကို နားမလည်တဲ့ပုဂ္ဂိုလ် ဟူသ၍ ဟာဖြင့် ရာဂက လှည့်စားသွားတာချည်းပဲ၊ မေတ္တာစစ်ကို မရှိဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) မေတ္တာစစ်ဟာ ရှာမှ ရှားတယ်ဗျ။

ဒီနား ကိုယ့်သားသမီးလေးတွေ၊ ကိုယ့်ဆွေမျိုးလေးတွေ ကိုယ့် ဉာတကာလေးတွေ၊ ကိုယ့်ကျေးဇူးတို့ ကျေးဇူးခံ ရှိတဲ့ ပုဂ္ဂိုလ်တွေဘက်ကို လှည့်သွားတယ် (တင်ပါဘုရား) မုံရွာ မီးလောင်တယ်ဆိုသူတို့ လဖက်ဖောက်သည် မေတ္တာပို့သလို ဖြစ်နေတာပေါ့ကွ။

ဟသ်ာတ မီးလောင်းတယ်ဆို လဖက်ဖောက်သည် လွတ်မှ လွတ်ပါ့မလား လွတ်ရှာပါစေ၊ ဒီလိုမလာဘူးလားကွ (လာပါတယ်ဘုရား) လာတော့ ဒါဘာထင်တုံး . . . ရာဂပေါ့ကွ၊ ဟုတ်ဘူးလား၊ ရာဂက ဘာလိုလိုဖြစ်သွားတာတုံး (မေတ္တာလိုလို ဖြစ်သွားတာပါဘုရား)။

ဘယ်ဟုတ်မတုံးကွ၊ မင်းတို့လှည့်သွားလိုက်တာ မသိလို့ သူတို့ခင်တဲ့မင်တဲ့ဆီ အလုပ်ခိုင်းတာ တဏှာအလုပ်ခိုင်းတာ တဏှာကဒနေပြီး မေတ္တာလုပ်နေတာ မောင်အေး ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ရာဂကမေတ္တာကိုလှည့်စားတယ်

ဒါဖြင့် ဘယ်သူက လှည့်စားသတုံးလို့ မေးလို့ရှိရင်ဖြင့် ရာဂက မေတ္တာပျောက်ထွက်သွားအောင် လှည့်စားပစ်လိုက်တာ ဘယ်သူက ဘယ်သူ့လှည့်စားတာတုံး (ရာဂက မေတ္တာကို လှည့်စားပါတယ်ဘုရား) ရာဂက မေတ္တာကို လှည့်စားတယ် ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

ရှိနေတဲ့ ဆွေတင်တို့ လူစုပေါ့ကွာ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အစ်မကလည်းပို့၊ အဘိုးကြီးကလည်းပို့ပေါ့ကွာ ပို့သာပို့တယ် ဒီဥစ္စာ ခင်ပို့ကြီး ဒို့အပြင် ဘာလို့ ဆိုရဲတုံး (မရှိပါ ဘုရား) ခင်ပို့ဆိုတော့ ခင်တာက သမုဒယကွ (တင်ပါဘုရား)။

## အတွင်းသားကတဏှာ

အဲတော့ ပို့တဲ့အခါမှာလည်း အသံကသာ မေတ္တာသံ ထွက်ပါတယ်တဲ့၊ အတွင်းသားကတော့ တဏှာပါပဲ၊ ရာဂပါပဲ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အတွင်းသားက ဘာဖြစ်နေတုံး (ရာဂပါဘုရား) ရာဂပဲ မောင်အေး (တင်ပါဘုရား)။

အဲတော့ ဒီရာဂကိုမျှား မင်းတို့က အမျှဝေကြတာများ ကျုပ်မေတ္တာပို့ပြီ ပို့ရတဲ့အမှုကို ခင်ဗျားတို့ ယူကြပါဆိုပြီး တဏှာများ အမျှဝေနေသေးတယ် မင်းတို့က (တင်ပါဘုရား) အတော် ဆိုးမနေဘူးလား (တင်ပါဘုရား)။

ဒါ မသိဘူးတဲ့ လုံးလုံးမသိတာ (မသိတာပါဘုရား) မသိတော့ မေတ္တာတင် ဆုံးသွားတယ်၊ အသိက မေတ္တာပို့လိုက်တာ ရွတ်စရာသာ ကုန်သွားတယ်၊ တဏှာကချည်း လုပ်သွားတယ်၊ ပို့တဲ့ဥစ္စာကတော့ဖြင့် မေတ္တာပို့ကလည်း ဆုံးသွားပြီကွ ဘယ်သူက ဝင်ပို့နေတယ်ဆိုတာ မောင်အေးရိပ်မိပလား (တဏှာကပါဘုရား)။

တဏှာက ဝင်ပို့နေတာကွ၊ ဒီအသံတွေ ဟူသ၍သည် ဘယ်သူ့အသံတုံးလို့ မေးလို့ရှိရင်ဖြင့်၊ ခင်တဲ့မင်တဲ့ဆီ ရောက်ပါတယ်ဆိုကတည်းကိုက တဏှက ရောက်တာ၊ တဏှာရောက်သွားတော့ အသံကျယ်ကျယ်နဲ့ အော်ပြီးသကာလ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ရပ်ထဲ၊ ရွာထဲ၊ မြို့ထဲ အိမ်နီးချင်းက စပြီးသကာလ ကျန်းမာပါစေ ချမ်းသာပါစေလို့ ဆိုပြီးသကာလ၊ မေတ္တာတော့ ပို့တော့ ပို့နေတာပဲတဲ့၊ ပို့ပင် ပို့ငြားသော်လည်း သူ ဘယ်ဟာကို အစူးစိုက်ဆုံးတုံးလို့ တစ်ခါမေးကြည့်စမ်းပါ . . . ။

## မေတ္တာဆိုတာ အားလုံး တစ်တန်းတည်း

သူပို့နေတာ ဘယ်သူ့ အစူးစိုက်ဆုံးတုံးလို့ မေးကြည့်ပါ (ခင်တဲ့မင်တဲ့လူ စူးစိုက်ပါတယ်ဘုရား) ခင်တဲ့ မင်တဲ့လူ စူးစိုက်ပါတယ် ဆိုကတည်းက ဒါ မေတ္တာဆိုတာက အားလုံး တစ်တန်းတည်းကိုကွ၊ အခုဟာ ဘယ်စူးစိုက်တုံး (ခင်တဲ့

မင်တဲ့ဆီပါဘုရား) ဒါဖြင့် ဘယ်သူက ဝင်ပို့နေတာတုံးကွ (တဏှာက ပို့နေတာပါ ဘုရား) တဏှာက ပို့နေတဲ့ဥစ္စာကွ။

အဲတော့ တဏှာက ပို့နေတဲ့ဥစ္စာကို၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျုပ်မေတ္တာပို့နေတယ်လို့ ပြောသေးတယ်။ ကျုပ် မေတ္တာပို့နေတယ်လို့ ပြောသေးတယ်၊ မြင်းခြံက ဒကာကြီးက ဟုတ်ကော ဟုတ်ကဲ့လား (မဟုတ်ပါဘုရား) မဟုတ်ဘူးတဲ့ ဒါ ဘယ်သူက ဝင်ပို့နေတာတုံး (တဏှာကပါဘုရား) တဏှာက အသံကောင်း ဟစ်နေတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တဏှာက အသံကောင်း ဟစ်တာကိုပင်လျှင် တဏှာ လာပြီလို့ သတိပဋ္ဌာန်နဲ့ မရှုတဲ့ပုဂ္ဂိုလ်က သိကို မသိဘူး (မသိပါ ဘူးဘုရား) မေတ္တာလို့ ထင်နေတာ ဒါက ကိုယ့်ဝမ်းထဲတင် ကိုယ့်ဟာကိုယ် လှည့်သွားတာကွ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## တဏှာဖြစ်နေရင် အကုသိုလ်ကံ

ဘယ်သူက ဘယ်သူ့လှည့်သွားတာတုံး (ရာဂက မေတ္တာကို လှည့်သွားပါတယ်ဘုရား) မေတ္တာလိုလိုနဲ့ တဏှာ ဖြစ်သွားတယ် (တင်ပါ) တဏှာဖြစ်နေရင် ဘာကျေးဇူးရှိမှာတုံး ဒီဥစ္စာ၊ ရှိသေးလား (မရှိပါဘုရား) တဏှာဖြစ်နေလို့ရှိရင် အကုသိုလ်ကံ ဖြစ်နေသေးတယ်လို့ ဘုရားအမြင်နဲ့ဆို ပြောရ တာမှတ်၊ မပြောရပေဘူးလား (ပြောရပါတယ်ဘုရား)။

သို့သော် များသောအားဖြင့် ပို့နေကြတဲ့ မေတ္တာဟာ

မေတ္တာချည်ပဲလား၊ တဏှာက များလေရော့လားလို့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့် (တဏှာက များပါတယ်ဘုရား) မိနေရော (တဏှာက များပါတယ်ဘုရား)။

ဒါ မေတ္တာထင်နေတယ်တဲ့ (တင်ပါဘုရား) မောင်ထွန်းလှိုင် ဘာထင်နေတုံး (မေတ္တာထ ်နေပါတယ်ဘုရား) ဘာကို မေတ္တာထင်တာတုံး (တဏှာကို ္တာထင်ပါတယ်ဘုရား) တဏှာကို မေတ္တာထင်နေတယ်ဆိုေ ာ အမတော်လေး အံ့ဩစရာကောင်းတယ် (တင်ပါဘုရား)။

မင်းတို့လုပ်တာကတော့ဖြင့် မေတ္တာထား ပို့လိုက်ဦးမယ်ပေါ့၊ မေတ္တာထားပို့မယ်ဆို ခင်မင်တဲ့လူက အရင် မျက်လုံးထဲ ရောက်လာတာ မရောက်ဘူးလား ရောက်လား (ရောက်ပါတယ်ဘုရား) ခင်မင်တဲ့လူ မျက်လုံးထဲ ရောက်လာကတည်းကိုက မေတ္တာဆိုတာက ဒီလိုလား၊ ပျမ်းမျှခြင်းသွား ရမှာလား၊ ခင်မင်တဲ့ဆီ စူးစိုက်ရမှာလားလို့ မေးကြည့်စမ်းပါလားကွ။

## မေတ္တာပို့လား တဏှာပို့လား

မေတ္တာဆိုတာက သဗ္ဗသတ္တာ သွားရမှာကို သွားသလား (မသွားပါဘူးဘုရား) **မသွားဘူး မသွားတဲ့အခါ မေတ္တာပို့လား တဏှာပို့လားဆိုတာ စဉ်းစားကြည့်ဦး** (တဏှာပို့ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား) မေတ္တာပို့လား၊ တဏှာပို့လား (တဏှာပို့ပါဘုရား)။

တဏှာဖြင့် ပို့မနေပါနဲ့လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါ တယ်ဘုရား) အကုသိုလ်လုပ်နေတာကိုဗျ တဏှာဆိုတာက အကုသိုလ်ဖြစ်ပြီးသကာလနေတော့ မောင်အေး မင်းက မေတ္တာထင်ပြီးသကာလ အသံကျယ်ကျယ်နဲ့ ရွတ်ငြားသော်လည်း ရွတ်နေတာက တဏှာကရွတ်နေတာ (တင်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်သူက ဘယ်သူ့လှည့်စားတာတုံးကွ (တဏှာက မေတ္တာကို လှည့်စားပါတယ်ဘုရား) တဏှာက မေတ္တာ လှည့်စားတဲ့အခါကျတော့၊ နောက် ကြေးစည်လေးများ ရိုက်ပြီး အမျှများ ဝေလိုက်သေးတယ်၊ မောင်အေး ဝေလေ့ မရှိဘူးလား (ဝေလေ့ရှိပါတယ်ဘုရား) ဘာဝေတာတုံးကွ ပြောပါဦး (တဏှာဝေနေတာပါဘုရား)။

တဏှာဝေနေတာ မဝေပါနဲ့ လူတိုင်းရှိပါတယ် ဒီဥစ္စာက ဝေစရာလိုသေးလား (မလိုပါဘူးဘုရား) တဏှာဟာ လူတိုင်း ရှိနေတယ် ပုထုဇဉ်မှန်လို့ရှိရင် (တင်ပါ) ဒါ အမျှဝေနေလို့ရှိရင်ဖြင့် ဟိုလူတဏှာနည်းလို့ ကိုယ်က တစ်ဝက်ပို့တာလားလို့ မေးစရာ လိုဘူးလား (လိုပါတယ်ဘုရား) ရှင်းရဲ့လားကွ (ရှင်းပါတယ် ဘုရား)။

## သူဝင်လာရင် ရုပ်ပစ်ပါ

အဲတော့ ဒါက ဘုရားဉာဏ်မို့ သိတာကိုဗျ၊ အဲတော့ ဘုရားဉာဏ်မို့ သိတာကို ဆရာဘုန်းကြီးက လမ်းညွှန်ပြီး သကာလ ဒီလိုဖြစ်တတ်တယ်လို့ ပြတာ၊ ခင်ဗျားတို့က ပို့တိုင်း ပို့တိုင်း သူဝင်လာလို့ရှိရင် ရုပ်ပစ်မှ (တင်ပါဘုရား) သူဝင်လာလို့ ရှိရင်ဖြင့် အလုံးစုံသတ္တဝါတိုင်းဖြစ်အောင် ပြန်လုပ်ပေးမှ ဒီခင်တဲ့ ဘက်ကို စူးပစ်လိမ့်မယ် မျက်လုံးက၊ မစူးပေဘူးလား (စူးပါတယ် ဘုရား)။

ခင်တဲ့ဘက် စူးပစ်လိုက်တော့ ဘယ်သူနဲ့ စူးတာတုံး (တဏှာနဲ့ စူးတာပါဘုရား) တဏှာနဲ့ စူးတာဆိုတော့ မေတ္တာ ဘက် ရောက်သေးရဲ့လား (မရောက်ပါဘူးဘုရား) အသံက မေတ္တာထင်နေတယ် ရထားတာကိုဗျ ရထားတာ မေတ္တာသံ ရထားတာ (တင်ပါဘုရား)။

ဒီစိတ်ထဲက စူးစိုက်နေတာကတော့ စဉ်းစားကြည့် (တင်ပါဘုရား) ခင်ဟဲ့ဆီ စူးစိုက်နေတော့ ခင်တာက ခင်တယ် ဆိုကတည်းက မေတ္တာဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဘုရား) ခင်တာက တဏှာ တဏှာတို့ ရာဂတို့ပေါ့ကွာ။

## တဏှာစခန်းဖွင့်နေတာ

အဲဒါကြောင့် ခင်ဗျားတို့က မသိသေးတော့ကို အို

. . . မေတ္တာပို့နေလိုက်တာ အားလုံးသော ပုဂ္ဂိုလ်တို့ မေတ္တာပို့နေ လိုက်တာ သူ့ကြည်ညိုလိုက်တာလို့ သွားမကြည်ညိုနဲ့ကွ၊ သွား မကြည်ညိုနဲ့ သူက တဏှာစခန်းဖွင့်နေတာ ဟုတ်ဘူးလား ဘာစခန်း ဖွင့်နေတာတုံး (တဏှာစခန်း ဖွင့်နေတာပါဘုရား)။

အဲဒါကို ခင်ဗျားတို့က ရမ်းပြီးများ သာဓုများ ခေါ်လိုက်သေးတယ် အတော့်ကို ဆိုးနေတာကွ မဆိုးဘူးလား (ဆိုးပါတယ်ဘုရား) ဒါက ဟိုပို့တဲ့ပုဂ္ဂိုလ် ကိုယ်တိုင်ကိုကမသိလို့ ပို့နေတာ ပို့တဲ့သူကိုယ်တိုင်ကိုက ဒီနား သားလေးတွေက အိပ်လို့ တန်းပြီးသကာလ အင်း ဒါလေးတွေ ကျန်းမာပါစေ ဒါလေးတွေ ချမ်းသာပါစေ ဒါလေးတွေဆိုတာက သူ့သမုဒယကို သူပြောနေတာ။

## မေတ္တာဆိုတာ ပျမ်းမျှခြင်းညွှန်တာ

ဘာပြောနေတာတုံး (သူ့သမုဒယ သူပြောနေတာပါဘုရား) သမုဒယဆိုတဲ့ဆီကို စိတ်သွားအောင် တဏှာက ကွက်ပြီး ညွှန်တာကွ၊ မေတ္တာဆိုတာက ဒီပျမ်းမျှခြင်းညွှန်တာ ရိုပ်မိပလား (ရိပ်မိပါပြီဘုရား) မေတ္တာက ဘာတုံး (ပျမ်းမျှခြင်းပါ ဘုရား)။

ပျမ်းမျှခြင်း အကုန်ပေါ့ဗျာ၊ သဗ္ဗေသတ္တာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဒီတဏှာက သဗ္ဗေသတ္တာထဲကမှ ဆွဲထုတ်

လာတာ သဘောကျပလား (ကျပါပြီဘုရား) တဏှာက ဘယ် ထဲက ဆွဲထုတ်တာတုံး (သဗ္ဗသတ္တာထဲက ဆွဲထုတ်ပါတယ် ဘုရား)။

သဗ္ဗသတ္တာထဲက ဆွဲထုတ်ပြီးသကာလ သူအင်မတန် လေးမြတ်တဲ့ အလွန်အခင်ဆုံးလူကို ရောက် ရောက်သွားတယ်၊ မရောက်ဘူးလား ရောက်လား၊ ဒါ မေတ္တာပဲလား မောင်အေး တို့က မြင်းခြံက ဒကာကြီးတို့က တဏှာပဲလား ကိုယ့်ဟာကိုယ် ဝေဖန်ရမယ်။

ဝေဖန်တော့ ဘာအစွန်းထွက်နေတုံး (တဏှာ အစွန်း ထွက်နေပါတယ် ဘုရား) တဏှာအစွန်းထွက်နေတာကို ခင်ဗျား တို့က ကိုယ့်ဟာကိုယ်တော့ မသိဘူး၊ မေတ္တာပို့သာ ဆုံးသွား တယ် ကိုယ့်ဟာကိုယ်ကို မသိလိုက်ဘူး သိလိုက်ကဲ့လား (မသိ လိုက်ပါဘူး)။

မသိလိုက်တော့ ဆုံးသာသွားတယ် မေတ္တာ(ဂ ပါလိုက် ကဲ့လား (မပါ ပါဘူး) မပါတော့ဘူး ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား) မောင်စိန်ထွန်းက ဒို့ဒကာ ဒကာမတွေ မင်းက တော်တော်ယဉ်ပြီလို့ အောက်မေ့မနေနဲ့ကွ၊ ရိုင်းနေသေး တာတွေက ဒီထဲ တစ်ပုံကြီး မြင်နေသေးတယ် မောင်အေး (တင်ပါဘုရား)။

## မေတ္တာသက်သက် ဟုတ်သေးရဲ့လား

ဘယ်လောက် ရိုင်းတုံး တဏှာအရိုင်းဝင်လာတာ (တင်ပါဘုရား) မေတ္တာသက်သက် ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဘုရား) ပထမတော့ မေတ္တာပို့မယ် ဆိုတုန်းကတော့ ဟုတ်သားပဲ သူ့ဟာက နောက်မှတစ်ခါတည်း နီးစပ်တာကို ငဲ့ညှာသွားလိုက်တဲ့ဖြစ်ခြင်း စဉ်းစားကြည့်ပါလားကွ၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဘယ်မီးလောင်သတဲ့ဆိုမှ သာထင်ရှားတယ် (တင်ပါဘုရား) ကိုယ့်စီးပွားရေး ရှိတဲ့ဆီ လွတ်ပါစေ (တင်ပါဘုရား) ဘာမှ မရှိတဲ့ဆီကျ လွတ်ပါစေပါရဲ့လား (မပါပါဘူးဘုရား) မပါဘူး မီးလောင်တယ်လို့ ကြားလို့ရှိရင် ဘယ်သူရှိတဲ့ဆီတော့ လွတ်ကြပါစေ၊ လွတ်ကြပါစေဆိုတာ ခင်ဗျားတို့ကလည်း အင်း . . . မေတ္တာပို့ရှာတယ်။

သူ့မေတ္တာများ ရှိနေတော့ လွတ်မှာပဲလို့ ကိုယ်ကတော့ ထင်တော့ ထင်ကြတာပေါ့ဗျာ၊ သူက မေတ္တာက ကွက်ပြီး တစ်မြို့လုံးထဲမှ ဒီဖောက်သည်တင်သွားပို့တာ၊ ဟုတ်ဘူးလားကွ (ဟုတ်ပါတယ်ဘုရား) တစ်မြို့လုံးထဲမှ မောင့်ထွန်းလှိုင် ဘာသွားပြီး ကြည့်မိတုံး (ကိုယ့်ဖောက်သည်ကိုယ့်နီးစပ်ရာ ကြည့်မိပါတယ်ဘုရား)။

အေး . . . ကိုယ့်နီးစပ်ရာ ဖော်ကိသည့်ကွ၊ ကိုယ့်ကုန်ရှိတဲ့ဆီကွ၊ ဒီကြွေးမကြေသေးတဲ့ ကုန်ရှိတဲ့ဆီ ဒါသာ အရေးကြီးနေတာ မိနုတို့ ပုဂ္ဂိုလ်သလားကွ (ဟုတ်ပါတယ်ဘုရား)။

သူ့ဟာသူ ထွက်လာတာ မောင်ချစ်ဆွေက (မှန်ပါဘုရား) ဘယ်သူက အရင်ထွက်လာတာတုံး (ကြွေးရှိတဲ့ပုဂ္ဂိုလ် အရင်ထွက်လာတာပါဘုရား) အဲဒါ တဏှာလား မေတ္တာလား (တဏှာပါဘုရား) ကိုယ့်ဟာလေးငဲ့တာဗျ၊ ဘယ်သူ့ငဲ့တာတုံး (ကိုယ့်ဟာကိုယ် ငဲ့တာပါဘုရား)။

## မေတ္တာထင်ရင်လွဲမှာပေါ့

ကိုယ့်ဟာကိုယ်ငဲ့တယ်ဆိုတော့ ဒါ သက္ကာယဒိဋ္ဌိကလည်း ပါနေတော့ ဒါ တဏှာဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား) အဲဒါကို ခင်ဗျားတို့က ဘာထင်နေကြတုံး ခင်တော့ (မေတ္တာထင်နေပါတယ်ဘုရား) မေတ္တာထင်နေတော့ လွဲမှာပေါ့တဲ့ ဘုရားက၊ မေတ္တာမှ မဟုတ်ပဲ တဏှာဝင်ပြီး သကာလ မေတ္တာယောင် ဆောင်နေတာပဲတဲ့ ရိပ်မိပလားကွ။ (ရိပ်မိပါပြီဘုရား)။

မောင်အေး ပို့တဲ့အခါ ရှင်းရှင်းပို့ကွ မင်းက (တင်ပါဘုရား) ပျမ်းမျှခြင်းအကုန်သွားကွ၊ ဒီနားအိပ်နေတဲ့ သားကို

မယားကို ကျန်းမာပါစေ ချမ်းသာပါစေ လုပ်နေလို့ မဖြစ်ဘူးကွ၊ ဟုတ်လား (တင်ပါဘုရား) မေတ္တာဆိုတာ မေတ္တာသမထကိုဗျ မေတ္တာသမထဆိုတာ အကုန်ပြန့်ရတယ် တစ်တန်းတည်း ဖြစ်ရမယ် ဒီမေတ္တာက (တင်ပါဘုရား)။

ဟိုလူလည်း ဒီမေတ္တာပဲ ဒီလူလည်း ဒီမေတ္တာပဲ၊ မဟုတ်ဘူး ကိုယ့်အစွဲလေးတွေ ကိုယ့်ရင်းနှီးတဲ့ပုဂ္ဂိုလ်အတွက် စောင်းစောင်းမသွားတတ်ဘူးလား (စောင်းသွားတတ်ပါတယ်ဘုရား) အဲဒီစောင်းသွားလို့ရှိရင် ဒါဘာတုံး (တဏှာပါဘုရား) တဏှာ။

နောက်သူတို့လာတဲ့အခါ ခင်ဗျားတို့ ထင်ထင်ရှားရှား ပြောတာပဲဗျ မပြောဘူးလား (ပြောပါတယ်ဘုရား) ပြောလိုက်တာ အားလုံးတော့ သူမေတ္တာပို့တာပဲ၊ သို့သော် အထူးတော့ဖြင့် ခင်လို့ပဲထားပါတော့၊ အားလုံးတော့ မေတ္တာပို့တာပဲလို့ စကားက ချီလိုက်တာ (တင်ပါဘုရား) ချီလိုက်တယ် ပြီးတော့ အထူး ထားတာကိုဗျ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

## ကိုယ့်ဟာကိုယ် မေတ္တာထင်နေတယ်

အထူးထားတာ ဘယ်သူက အထူးထားတာတုံးဗျ (တဏှာက အထူးထားတာပါဘုရား) တဏှာက အထူးထားတာ

ကိုပင်လျှင် ဟိုလူကလည်း ယုံတာပဲ ဟိုလူကလည်း ယုံတာပဲ မိန့်တို့ ပြောတာလေးက အင်း . . . မေတ္တာထားရှာ ကြတယ်။ အိုး . . . မေတ္တာထားတာ မဟုတ်ဘူး၊ တဏှာထားတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘာထားတာတုံးဗျာ (တဏှာထားတာပါဘုရား)။

တဏှာထားတာကို ဟိုက သာဓု လေးမျှားတောင် ခေါ်လိုက်သေးတယ်၊ ဟိုကခေါ်တဲ့လူက ရမ်းခေါ်တာ။ ဒီက လည်း ရမ်းပြောတာ ဒီက ကိလေသာ ပါနေတဲ့ တရားကို သိရဲ့လားကွ (မသိပါဘူးဘုရား) မသိတော့ ဒီကလည်း မသိလို့ပဲ ကိုယ့်ဟာကိုယ် မေတ္တာထင်နေတာ သဘောကျပလား (ကျပါပြီဘုရား)။

ကိုယ့်ဟာကိုယ် ဘာထင်နေတုံး (မေတ္တာထင်နေပါတယ်ဘုရား) ဘာကို မေတ္တာထင်နေတုံး (တဏှာကို မေတ္တာ ထင်နေပါတယ်ဘုရား) ဖြစ်မှ ဖြစ်ရလေဗျာ တဏှာက မည်းမည်းကြီး မေတ္တာက အဖြူ (တင်ပါဘုရား) ဟုတ်ဘူးလား မေတ္တာဆိုတာ ဖြူတယ်တဲ့၊ ကိလေသာမပါဘူးတဲ့၊ တဏှာကတော့ အမည်းခတ်ဖြစ်တယ်တဲ့ **တဏှာ၁မ္မာ သုတ္တာ၁မ္မာ** ကော မလာဘူးလား သူက မည်းတတ်တဲ့တရား (တင်ပါဘုရား)။

## အမည်းကို အဖြူထင်နေတယ်

အမည်းကို မင်းတို့ ဘာထင်နေတုံး (အဖြူထင်နေပါတယ်ဘုရား) အိုး . . . ဝွကျတာပေါ့ကွ၊ အမည်းအဖြူထင်နေကတည်းက သွားပြီ မောင်ထွန်းလှိုင်က (တင်ပါဘုရား) မှန်သေးရဲ့လား (မမှန်ပါဘုရား) ကဲ မောင်အေးတို့ အမည်း အဖြူထင်ဖို့ရာ အခုငါပြောမှ ပေါ်တာကွ (တင်ပါဘုရား)။

နို့မို့လို့ရှိရင် မင်းတို့ဟာ အမည်းဟာ အဖြူပဲ (တင်ပါဘုရား) ဥပမာမယ် ဒကာကြီးက မြင်းခြံနေတယ်၊ ဒီမှာရှိတဲ့ သားလေးဆီကို မေတ္တာလှမ်းမပို့ဘူးလား ပို့သလားလို့မေးရင် ဘယ့်နှယ်ပြောမတုံး (ပို့ပါတယ်ဘုရား) ပို့တယ်ပြောမယ် ဘာဖြစ် လို့ ပို့တာတုံး၊ မန္တလေးတစ်မြို့လုံးရှိရဲ့သားနဲ့ တစ်မြို့လုံး ပို့ပါ တော့ ဟုတ်ဘူးလား၊ မဟုတ်ဘူးဘုရား၊ သူ့အထူးပို့ရတယ် မလာ ဘူးလား လာမလား (လာမှာပါဘုရား)။

## အထူးပို့ဆိုတာ မေတ္တာမဟုတ်ဘူး

အထူးပို့ဆိုကတည်းက မေတ္တာဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဘုရား) ဒါ တဏှာဖြစ်သွားပြီလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) အဲတော့ ကိုယ်ကလည်း ဘုရားရှေ့မှာကို ဒီဥစ္စာလုပ်နေတာ (တင်ပါဘုရား)။

ဒီပြင်နေရာသွားပြီးသကာလ တကျော ခင်ဗျားတို့ တကျော စကား၊ တကျောသံတွေ ဘာလုပ်နေနေ ဘုရားရှေ့ သွားပို့ လိုက်ဦးကွ၊ မလာဘူးလားကွ (လာပါတယ်ဘုရား) ဘုရားရှေ့ သွားပြီး မေတ္တာပို့လိုက်ဦးမယ် ထူးအောင် (တင်ပါဘုရား)။

ဘုရားရှေ့သွား မေတ္တာပို့လိုက်ဦးမယ်၊ ထူးအောင်လို့ မိနေတို့ မလာဘူးလား (လာပါတယ်ဘုရား) အဲဒီ ဘုရားရှေ့မှာ မေတ္တာသက်သက်လားတဲ့၊ တကျောက များသွားသလား (တကျောက များသွားပါတယ်ဘုရား) မိန ဒါဘယ်သူ့ရှေ့မှာ တကျော များတာတုံး ခင်ဗျားတို့ (ဘုရားရှေ့မှာပါဘုရား)။

## မရှိမသေကန်တော့ပါရဲ့

မောင်အေး ဘယ်မှာများနေတုံးကွ (ဘုရားရှေ့မှာပါဘုရား) ဘုရားစင်အောက်သော်လည်းကောင်းပေါ့ကွာ၊ ဘုရားရှေ့မှာ လက်အုပ်ချီရင် ချီသေးတယ် ဟုတ်လား၊ မရှိမသေကန်တော့ပါရဲ့ ထဲက ကျဖနေပြီ၊ ဒီထဲက ကျမနေဘူးလားကွ (ကျပါတယ်ဘုရား)။

မရှိလည်း မရှိသေဘူး ပြောသေးတယ် ကန်တော့ပါသေးလည်း ပါသေးတယ်ကွ၊ ဒီလိုပြောတဲ့ စကားနဲ့ ဘာထူးသေးတုံး (မထူးပါဘူးဘုရား) သဘော ဒီမရောက်ဘူးလား

(ရောက်ပါတယ်ဘုရား) မရှိမသေတော့ မရှိပါနဲ့ ဆိုပြီး ဒီနား ဖြတ်သွား ဒီနား ကုန်းသွား ဆိုပြီးသကာလ မရှိသေဘူးလည်း ပါသေးတယ်၊ သူ့ဟာက မရှိသေလည်း မအောက်မေ့ပါနဲ့ ဟုတ်လား မရှိမသေ တော့ ရှိတယ်လို့တော့ မဟုတ်ပါဘူး လုပ်တာက မရှိမသေ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဘုရားရှေ့ဘာလုပ်ကြတာတုံး

ဒီမှာလည်း ဘုရားရှေ့ ဘာလုပ်ကြတာတုံး မေးရင် ဘယ့်နှယ်ဖြေကြမတုံး (မရှိမသေ လုပ်တာပါဘုရား) မရှိမသေ ဘုရားရှေ့မှာ ရာဂမလာကောင်းဘူး လာကောင်းရဲ့လား (မလာ ကောင်းပါဘုရား) မလာကောင်းတာကို ခင်ဗျားတို့က အဲဒီ သွားပြီးသကာလ ကိုယ်ချစ်တဲ့ ပုဂ္ဂိုလ် မေတ္တာပို့လို့ ကိုယ်ခင်တဲ့ ပုဂ္ဂိုလ် မေတ္တာပို့လို့၊ ကိုယ့်ကျေးဇူးခံ ကျေးဇူး စားတွေကို ခင်တာ မင်တာတွေ လျှောက်ပြီးအာရုံက ရောက် မသွားဘူးလား (ရောက်သွားပါတယ်ဘုရား)။

ရောက်သွားတော့ အဲဒါ မေတ္တာလို့ ဆိုမလား ရာဂလို့ ဆိုမလား (ရာဂလို့ ဆိုမှာပါဘုရား) ဘယ်ရှေ့မတုံးကွ (ဘုရား ရှေ့မှာပါဘုရား) ဟာ. . . မင်းတို့ တော်တော့ကို ဆိုးနေပါပေါ့ လားကွ၊ မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။

## ခွေးမိုက်ဥပမာ

ငါ ခဏခဏ ပြောတယ် မဟုတ်လား မောင်ချစ်ဆွေက ဘုရားပေါ် ဘုရားမြေပေါ် ဘုရားပန်းတင်ခုံတွေ ပေါ်မှာ ခွေးတွေ ဘာတွေက တက်ပြီး ကျင်ကြီးကျင်ငယ်စွန့်တဲ့ အခါ ကျတော့ ဒကာကြီးတွေက ဘယ့်နှယ်ဆိုကြတုံးဆို ခွေးဖြင့် တအား မိုက်တာ၊ ခွေးမိုက်မို့ ဘုရားပေါ်သွား ကျင်ကြီးကျင်ငယ် စွန့်တာ၊ ဒါကြောင့် နင်တို့ ခွေးဖြစ်နေတာ မြင်တဲ့ပုဂ္ဂိုလ်က မပြောဘူးလား (ပြောပါ တယ်ဘုရား)။

ဒါ ဘုရားနေရာမှာ ကျင်ကြီးကျင်ငယ် မစွန့်ကောင်းလို့ (တင်ပါ့ဘုရား) ဟုတ်ဘူးလား ခင်ဗျားတို့ကလည်း ဘုရားရှေ့ ဘာသွားလုပ်ကြတာလည်းလို့ မေးဖို့လိုလာတယ် . . . မလို ဘူးလား . . . (လိုပါတယ်ဘုရား) မေးတော့ ဘုရားရှေ့မှာ ဒီရာဂတွေ အကြောင်းနဲ့ပတ်သက်လို့ မင်းတို့ပြောကောင်း ဆိုကောင်းရဲ့လား (မပြောကောင်းပါဘူးဘုရား)။

## လုပ်ပုံကတော့ မတူဘူးလား

ဟ . . . ကျင်ကြီး ကျင်ငယ် သွားစွန့်တာနဲ့ တယ်ထူး တာမဟုတ်ဘူးကွ (တင်ပါဘုရား) ထူးသေးရဲ့လား (မထူးပါဘူး ဘုရား) အဲတော့ မင်းတို့ တိရစ္ဆာန်မိုက်လို့တော့ မဆိုပါဘူးကွ၊ မဆိုပင်မဆိုငြားသော်လည်း လုပ်ပုံက တူတာပြောတာပါ . .

လုပ်ပုံကတော့ မတူဘူးလား (တူပါတယ်ဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

အဲဒါ ဘုရားရှေ့ရောက်တယ်ဆို မေတ္တာသက်သက် လုပ်ကြစမ်းပါ။ ဒီသားလေး သူ့အထူးပို့ရတယ် . . .၊ သူက မမာတတ်လို့ လာပြီဗျ . .၊ သူက မမာတတ်လို့ဆိုတော့ ခက်သေးဘူးလားဗျာ တဏှာဆိုတာ မသေချာဘူးလားဗျာ (သေချာပါတယ်ဘုရား) သူက မိုက်လွန်းလို့ မိုက်တဲ့ပုဂ္ဂိုလ် မေတ္တာအထူးထားရတာ လာပြီ မလာသေးဘူးလား (လာပါ တယ်ဘုရား)။

## အသံက မေတ္တာ၊ အလုပ်ကတဏှာ

ဒို့ပြင်ဟာတွေက မဟုတ်ဘူးဆိုတော်သေးတယ် ဒီကတော့ မိုက်တယ် လူဆိုး သူဆိုးတွေနဲ့ တွေ့ခက်ချည့်ရဲ့ မောင်အေးတို့က မလာဘူးလား (လာပါတယ်ဘုရား) သူက ဆော့တယ် သူက အလဲအကွဲများတယ်ဆို သူ့ကျန်းမာပါစေ ချမ်းသာပါစေလို့ မေတ္တာပို့ရတယ် ဆိုပြီးသကာလ အသံကတော့ မေတ္တာချည်းပဲ နော် (တင်ပါဘုရား) အလုပ်က တဏှာချည်းပဲ (မှန်ပါဘုရား)။

အသံက ဘာတုံး (မေတ္တာပါဘုရား) အလုပ်က (တဏှာပါဘုရား) အဲဒါကို ပို့တဲ့ပုဂ္ဂိုလ်က ငါတဏှာဖြစ်သွားပြီ

လို့ သိရဲ့လား (မသိပါဘူးဘုရား) မသိတော့ ဒါ ဘယ်သူက ဝင်ပြီး သကာလ လှည့်စားသွားတယ်ဆိုကြမတုံး (တဏှာက ဝင်ပြီးလှည့်စားသွားပါတယ်ဘုရား) ဘယ်သူ့အပေါ်မှာ လှည့်စား သွားတုံး (မေတ္တာပေါ်မှာ လှည့်စားသွားပါတယ် ဘုရား)။

## မွေးနေ့မို့ သက်စေ့ဆွမ်းလောင်းတယ်

မေတ္တာလိုလိုနဲ့ ဘာဖြစ်သွားတုံး (တဏှာဖြစ်သွား ပါတယ်ဘုရား) ရှင်းပလားကွ (ရှင်းပါပြီဘုရား) ကလေး လေးတွေ သက်စေ့ ဆွမ်းလောင်းသလိုပေါ့ကွ၊ တချို့လေ မွေးနေ့ မွေးရက်မို့ သက်စေ့ဆွမ်းလောင်းဆိုတာတွေက ဒါနတော့ ဒါနပဲ ဟုတ်လား၊ ဒါနလိုလိုနဲ့ ဘာဖြစ်သွားတုံး၊ သူ့ကျန်းမာဖို့ ချမ်းသာ ဖို့လုပ်တယ် ဆိုပြီးသကာလ တစ်ခါတည်း ရာဂက ဝင်မသွားဘူးလား (ဝင်သွားပါတယ်ဘုရား) ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

ရာဂ မပါပဲနဲ့ လုပ်တာ ခပ်ရှားရှားပဲကွ (တင်ပါ) မရှား ဘူးလား (ရှားပါတယ်ဘုရား) ဒါဖြင့် သူ့ကျန်းမာရေး ချမ်းသာရေး ဆိုတော့ မေတ္တာက မဟုတ်ဘူးလား အသံ အသံ (တင်ပါ ဘုရား)။

အသံက ဟုတ်တယ်တဲ့ သေချာကြည့်တော့ကိုတဲ့ ခင်လို့ လုပ်ဖြစ်တာကများတယ် . . . (တင်ပါဘုရား) မြင်းခြံက ဒကာကြီးခင်လို့ လုပ်ဖြစ်တာက များတယ် . . (တင်ပါဘုရား) ခင်တာက ဘယ်သူတုံး (တဏှာပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဘုန်းကြီးက မွေးနေ့တွေ ကြောက်တယ်

အဲဒါကြောင့် ဘုန်းကြီးက သက်စေ့တွေ၊ မွေးနေ့တွေ၊ မွေးရက်တွေ ကြောက်တာဗျ (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား) သက်စေ့တွေ လုပ်တာတွေ၊ မွေးနေ့ မွေးရက် ဆိုတာတွေ ခန္ဓာငဲ့တာ တဏှာနဲ့ငဲ့တာ၊ မငဲ့ဘူးလား ငဲ့လား (ငဲ့ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဒါမွေးနေ့ မွေးရက်မို့ လုပ်ရဦးမယ် ဟုတ်လား၊ အင်း . . . ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အသက် ဆက်ပေးရဦးမယ်၊ အသက် ဆက်ပေးရဦးမယ်ဆိုက တည်းက အင်မတန် ခင်လို့ပေါ့ကွ (တင်ပါ) မခင်ပဲနဲ့ ဆက်ပေးပါ့မလား (မဆက်ပါဘူးဘုရား) ကဲ အဲဒါဖြင့် မေတ္တာလို့ ဆိုမလား တဏှာလို့ဆိုမလား (တဏှာပါဘုရား) ရိပ်မိပလား၊ မင်းကော အသက်ဆက်ပြီးပြီလား (ပြီးပါပြီဘုရား)။

မောင်ချစ်ဆွေ မင်းအသက် ဆက်ခဲ့တာတွေ အတော်ကုန်ပြီကွ၊ အသက်ဆက်ချင်လို့ ဆန်တွေခွဲပြီးဝေတာ အတော်များခဲ့ပြီဆိုပဲကွ (ခုတော့ မဆက်တော့ပါဘူးဘုရား) မင်းက ဆက်တာမဟုတ်ပါဘူးကွ၊ မင်းမိန်းမက ဆက်တာပါ မင်းက သူ့ဟာသူနေတာပါ။ ဟို ဒကာမက သူ့ခင်တာနဲ့ ဆက်ပေးနေတာ ဒီအမိပ္ပာယ်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

## တဏှာအမျှပေးတာ

ပြီးတော့ အမျှယူကြပါဗျာ ဆိုလိုက်သေးတယ်၊ ဘာအမျှတုံးလို့မေးရင် ဘယ့်နှယ်ဆိုကြမတုံး (တဏှာအမျှပါဘုရား) တဏှာအမျှပေးတာများ မင်းတို့မို့ ရဲရဲတင်းတင်း သာဓုခေါ်မိပါပေကွ မိနု (တင်ပါဘုရား) ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား) ဒါက မောင်စိန်ထွန်း သိခဲ့တဲ့တရား (သိခဲ့ပါတယ် ဘုရား) သိခဲ့တဲ့တရား (တင်ပါဘုရား)။

ကိုယ်ကိုယ်တိုင် မသိဘူး (မသိပါဘူးဘုရား) ကိုယ်ကိုယ်တိုင် မသိတဲ့တရား ဘယ်လောက် နူးညံ့တုံးကွ မနူးညံ့ဘူးလားကွ (နူးညံ့ပါတယ်ဘုရား) မေတ္တာလိုလိုနဲ့ ဘာဝင်လာတုံး (တဏှာဝင်လာပါတယ်ဘုရား) တဏှာ ဝင်လာတယ်။

## အဲဒီအလှူဒါနတွေ စင်ကြယ်ရဲ့လား

ဘုရားတွေ ဘာတွေ သွားကြ လာကြတဲ့အခါလည်း ပါတာပဲ ဒါတွေက ဒါ ဘိုးဘွားမိဘများ ပြုပြင်ထားခဲ့တဲ့ဘုရား၊ သူတို့ ငှဲ့ပြီးသကာလ ဟောသွားပြီ ဒီတရား၊ သူတို့ငှဲ့တယ် ဆိုကတည်းက သေတဲ့လူကို တဏှာသဘောနဲ့ မငှဲ့ဘူးလား ငှဲ့လား (ငှဲ့ပါတယ်ဘုရား) ငှဲ့ပြီးသကာလမှ ဒီပြင့်ဘုရားတွေ ဒီလောက်မသွားဖြစ်ဘူး၊ ဒီခင်မင်တဲ့ပုဂ္ဂိုလ်၊ ရင်းနှီးတဲ့ပုဂ္ဂိုလ် သွေးသားစပ်နေတဲ့ပုဂ္ဂိုလ် ဘုရားဆိုလို့ရှိရင်ဖြင့် တစ်နှစ် တစ်ခေါက်မှ မရောက်ရင် မကောင်းဘူး၊ ဘုရားဖူးတော့ သွားဦး မှပဲ မြက်ရှင်းသွားဦးမှပဲ၊ ရေသပ္ပါယ်သွားဦးမှပဲ ဒကာကြီး မလာတတ်ဘူးလား (လာတတ်ပါတယ်ဘုရား)။

ဘုရားတိုင်းလာသလားလို့ မေးရင် စဉ်းစားကြည့်ပါတဲ့၊ ကိုယ်သမုဒယရှိတဲ့ဘုရား၊ အမေမိဘများနဲ့ ဆက်သွယ်တဲ့ ဘုရား၊ တစ်နည်းအားဖြင့် ကိုယ့်စီးပွားဥစ္စာတက်တဲ့ဘုရားမျိုး လောကီ မှာလေ မရှိဘူး ရှိလား (ရှိပါတယ်ဘုရား) အဲဒီဒါနတွေကော စင်ကြယ်ရဲ့လားလို့ မေးရင် ဘယ့်နှယ်ပြောမတုံး (မစင်ကြယ်ပါ ဘုရား) တဏှာရှိသေးတယ်မဟုတ်လား (တင်ပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

## မေတ္တာပို့ရင် ရှင်းရှင်းလင်းလင်းပို့ပါ

အေး . . . ဒါကြောင့် မင်းတို့သည်ကားလို့ဆိုလို့ရှိရင် ဖြင့် မေတ္တာပို့ရင် ရှင်းရှင်းလင်းလင်းလုပ်ပါကွ . . . နော်၊ မေတ္တာ ပို့လို့ရှိရင် အနားကို ဘယ်သူမှ မလာစေနဲ့၊ သမုဒယ ဟူသရွေ့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) သမုဒယ ဟူသ၍ ဘာမှမလာစေနဲ့ တစ်ခါတည်း ပျမ်းမျှကြေးသွားအောင် လုပ်စမ်းပါ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မာ့ဝိဟာရ တရားဆိုတာက ဗြဟ္မာများကဲ့သို့ ပျမ်းမျှကြေး ထားမှုများကို ဆိုတာ၊ မင်းတို့ လိုချင်တာကို ကွက်ပို့နေလို့ရှိရင်သွားပြီ ဒီဥစ္စာ ရှင်းပလား (ရှင်းပါပြီဘုရား) ဒီသဗ္ဗေသတ္တာထဲပဲ ကိုယ်ခင်တာ လေးတွေ လာမရောဘူးလားကွာ (ရောပါတယ်ဘုရား)။

အင်း . . . မရသေးဘူးတဲ့ တဏှာက ကွက်ပို့ရဦးမယ် ကွက်ပို့ရဦးမယ်တဲ့ကွ၊ ဘယ်သူက ကွက်ပို့တာတုံး (တဏှာ ကွက်ပို့တာပါဘုရား) တဏှာက ကွက်ပို့တာကိုပင်လျှင် ကိုယ်ကလည်း မေတ္တာပို့နေတယ်လို့ပဲ ထင်တယ်တဲ့၊ တဏှာက လက်ညှိုးညွှန်ပြီး အကြီးအကျယ်ပြနေတာကို ပို့တဲ့လူက သတိကို မထားမိဘူး . . .၊ အင်း . . . ဒါ သူ့အလုပ်ပါလားလို့ ထားမိ ရဲ့လား (မထားမိပါဘူးဘုရား)။

## ဝိပဿနာနဲ့ကြည့်ရင်

မထားမိတော့ ခင်ဗျားတို့ကို မေတ္တာလိုလိုနဲ့ တဏှာက လှည့်စားသွားတာ အလှည့်စားခံရတဲ့ ပုဂ္ဂိုလ်က မသိဘူးတဲ့ (မသိပါဘူးဘုရား) သိပ့်မလား (မသိပါဘူးဘုရား) မသိလို့ ရှိရင်ဖြင့် ဒီဥစ္စာ ဝိပဿနာနဲ့ ကြည့်လိုက်ပြန်လည်း ခင်ဗျားတို့ သတိပဋ္ဌာန်မှာ လွတ်သွားတာပဲ လွတ်သွားတယ်။

တဏှာလာလို့ရှိရင် တဏှာဖြစ်ပျက်ရှုပေးရမှာကိုကွ မင်း မလာခဲ့နဲ့၊ ခုတော့ တဏှာလာမှန်းက မသိတော့ဘူး ဆိုကတည်းက သတိပဋ္ဌာန် လွတ်ကင်းမသွားဘူးလား (လွတ်ကင်းသွားပါတယ်ဘုရား)။

သတိပဋ္ဌာန်က လွတ်ကင်းသွားတော့ ဒီဥစ္စာ သက်သက် တဏှာဝင်ပြီးသကာလ ဥပမာ နာရီဝက်ပို့တယ် (၁၅) မိနစ် ပို့တယ်ဆို မောင်စိန်ထွန်းရေ သူ့စခန်းချည်း ဖွင့်သွားတယ် (မှန်ပါဘုရား) ဘယ်သူ့စခန်းတုံး (တဏှာစခန်းပါဘုရား) များဘူးလား ဒီတဏှာတွေက (များပါတယ်ဘုရား)။

## သူလာရင် ဖြစ်ပျက်ရှုပစ်ပါ

များတယ်ဆို တဏှာစခန်းချည်းပဲ ဟော့ မောင်ချစ်ဆွေ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား) အဲတော့ မင်းတို့ ကြပ်ကြပ်သတိ ထားမှကွ၊ သူလာလို့ရှိရင် မပို့နဲ့တော့ကွ၊ သူ့ရင်လည်း ဖြစ်ပျက်

ရှုပစ်လိုက်၊ ပြီးမှ ဆက်ပို့ချင်ပို့ (တင်ပါဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား)။

သူလာလို့ရှိရင် **"သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ"** လို့ မြန်မြန်လုပ်ပစ်လိုက်၊ မင်းတို့က မသိပဲနဲ့ စောင့်မနေနဲ့ တောက်လျှောက်ကြီး သူသွားလိမ့်မယ် (တင်ပါဘုရား) မဆိုနိုင်ဘူးလား ဆိုနိုင်လား (ဆိုနိုင်ပါတယ်ဘုရား) ဒီလိုကောလုပ်ဖူး ရဲ့လား (မလုပ်ဖူးပါဘူးဘုရား) လာမှန်းမှ မသိပဲဘယ်တော့ လုပ်ဖူးမှာလဲ (တင်ပါဘုရား)။

မောင်အေး လာမှန်းတောင်မှ အခုမှ ဒီလိုဒီလိုပြောလို့သာလျှင် ဩော် . . သူပါလားဆိုတာ ပေါ်လာတာကို မိနု (တင်ပါဘုရား) သူ့ကို ရပ်ပစ်ရမယ်လို့ ခင်ဗျားတို့စိတ်ထဲမှာဘယ်တော့မှ မလာဘူး၊ ဘာဖြစ်လို့မလာသတုံး လာမှန်းမသိလို့ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

## မေတ္တာလိုလိုနဲ့ တဏှာဝင်ပူးတယ်

ဘယ်သူတုံးကွ (တဏှာ) တဏှာက ဘာလိုလိုနဲ့ ဝမ်းထဲဝင်ပူးတာတုံး (မေတ္တာလိုလိုနဲ့ ဝမ်းထဲဝင်ပူးတာပါဘုရား) မေတ္တာ လိုလိုနဲ့ တဏှာက ဝင်ပူးသွားပြီ ခေါင်းကိုချာလည်လိုက်နေပြီ မသိသေးဘူး၊ ဒီကလည်း မေတ္တာပို့တုန်းပဲထင်နေတယ် (တင်ပါ ဘုရား)။

ဟာ . . သူကဖြင့် တစ်ခါတည်း ခန္ဓာငှဲလိုက်တာနဲ့ ခန္ဓာ ခင်မှုငှဲလိုက်တာနဲ့ စီးပွားတက်မှု ငှဲလိုက်တာနဲ့ တဏှာက လေ မငှဲဘူးလား၊ အဲဒါ . . . စီးပွားတက်မှုလေးငှဲလိုက်၊ တစ်ခါတည်း အိမ်သားအိမ်သူတွေငှဲလိုက်၊ ဒီ တဏှာက ဝင်ရှုပ်ထားလိုက် တာကွာ . . . နည်းတာတွေ မဟုတ်ဘူး၊ မိတ်ဆွေ သင်္ဂဟတွေ ဆီကော ဟာ . . . ရောက်သွားလိုက် မောင်ထွန်းလှိုင်ရေ လွန်ကုန်ပြီကွ . . (တင်ပါဘုရား)။

ဘယ်လောက်ကျယ်ဝန်းတုံးသူက (ကျယ်ဝန်းပါတယ် ဘုရား) သို့သော်လည်း မောင်ချစ်ဆွေတို့ လူစုကတော့ မေတ္တာ ပို့ပြီးခဲ့တဲ့လူတွေချည်းပဲ၊ မေတ္တာပို့ပြီးခဲ့ပြီလို့ ပြောနေသးတယ် သူတို့က မပြောဘူးလား (ပြောပါတယ်ဘုရား) မေတ္တာပို့ပြီးခဲ့ ပါပြီတဲ့ ဒီနေ့တော့ဖြင့် မနက်ကိစ္စပြီးသွားပြီ၊ညတစ်ခါ ပို့ရဦးမှာ ပေါ့လေကွာ၊ ဘာတွေများ ပို့ကြမယ်ဆိုတာတော့မပြောတတ် ဘူးပေါ့ကွာ . . . (တင်ပါဘုရား)။

## အဲဒါ သတိပဋ္ဌာန်ကင်းလို့

ညကျတော့လည်း တစ်ခါပို့ဦးမှာကိုကွ မပို့ပေဘူးလား မေတ္တာက (ပို့ပါတယ်ဘုရား) ပို့ပြန်တော့လည်း သူလာတာ သိလိုက်ကဲ့လား (မသိပါဘူးဘုရား) ဘယ့်နှယ်ဖြစ်နေတုံး မသိတာက လွန်နေတာပဲ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်

ဘုရား) အဲဒါ သတိပဋ္ဌာန်ကင်းလို့ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန်ကင်းလို့တဲ့ မောင်အေးက (တင်ပါဘုရား) မေတ္တာကိုလည်း မသိဘူး၊ မေတ္တာသိတယ်ထားတော့၊ ရာဂ ဝင်လာတာကိုလည်း ရာဂလို့ မသိတော့၊ မေတ္တာပဲ ပြန်ထင် နေတော့၊ ဒီဥစ္စာ ကိုယ့်စိတ်ကိုကိုယ် ဝိပဿနာရှုပါဆိုတဲ့ အသွားမျိုးဟာ စိတ္တာနုပဿနာသတိပဋ္ဌာန်ကိုမှ စဉ်းစားကြည့် ပါတဲ့ ဒီဥစ္စာက တဏှာဖြစ်ပြီးသကာလ နေတာကိုပင်လျှင် သိကိုမသိလိုက်ဘူး (တင်ပါဘုရား) သိလိုက်ကဲ့လား (မသိလိုက် ပါဘူးဘုရား)။

## မသိမှားတာက တောက်လျှောက်

မသိလိုက်တော့ ဒါ မသိမှားကြီးက တောက်လျှောက် မသွားပေဘူးလား (သွားပါတယ်ဘုရား) ဒီမေတ္တာသုတ် ဆုံးသည့် တိုင်အောင်ပဲ မြင်းခြံက ဒကာကြီး တောက်လျှောက်သွားတယ် (တင်ပါဘုရား) မသွားဘူးလား (သွားပါတယ်ဘုရား)။

ဒါဖြင့် ရွတ်ဖတ်တာတင်ပေါ့ဗျ၊ (တင်ပါဘုရား) မောင်အေး ဘာထင်စုံးကွ ရွတ်တာပဲ အဖတ်တင်တာပဲ (တင်ပါ ဘုရား) တစ်နေ့လုံး အစာမကြေလို့ အော်ရတာနဲ့ လေနာ ထတာပဲ အဖတ်တင်သလို ကျမနေဘူးလား၊ သူကလည်း

စောစောမှ ထစေချင်တာကို၊ မိန္ဒ ရိပ်မိပလား (တင်ပါ ရိပ်မိပါပြီဘုရား)။

## မေတ္တာပို့တယ်ချည်းပြောတယ်

ဒါက ဆရာကောင်း သမားကောင်းနဲ့ အတော့်ကိုပင် ပိတ်ပြောမှ နို့မဟုတ်ရင် ဒီဟာ မြင်းခြံက ဒကာကြီးတွေ မေးကြည့် မင်းတို့ထက် ကြီးတဲ့ လူကြီးသူမတွေ မေးကြည့်၊ ဒါ မေတ္တာပို့နေတယ်ချည်း ဆုံးဖြတ်ချက်ချတယ်၊ ဒီလိုပြောပါတယ်တဲ့ အခုအသေအချာစဉ်းစားကြည့်တော့ သူဝင်လာတာ မသေချာဘူးလားဗျာ (သေချာပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့်မောင်ထွန်းလှိုင် ဒါကရှေ့ ဘယ့်နှယ်လုပ်မတုံးကွ စင်စင်ကြယ်ကြယ်လုပ်ရမှာ (တင်ပါ) ဟုတ်ဘူးလား (တင်ပါဘုရား) မင်းမလာခဲ့နဲ့ သူက ဟိုညွှန်ပြန်ပြီ၊ သားလေးဆီ၊ ဟော . . . သမီးလေးဆီ ပြေးရပြန်ပြီ၊ မညွှန်နဲ့ မညွှန်နဲ့ မင်းမလာခဲ့နဲ့ မင်းမလာခဲ့နဲ့ ဒို့က မေတ္တာသက်သက်သွားမယ် ဆိုပြီး ခင်ဗျားတို့က ဒီလိုလေးများ တားဖူးရဲ့လား (မတားဖူးပါဘူးဘုရား)။

သူလာမှန်းမှ မသိပဲ ဘယ်တော့ တားမှာတုံး၊ မောင်အေး ဘာဖြစ်လို့ မတားတုံး . . . (သူလာမှန်း မသိလို့ပါဘုရား) လာမှန်းကို မသိဘူး . . မောင်ချစ်ဆွေ ရိပ်မိပလားကွ (ရိပ်မိ ပါပြီဘုရား) ဘယ်လောက်ဆိုးတုံး (မှန်ပါဘုရား) ဒီကရှေ့ပြင် စရာတစ်ခုမရှိဘူးလား . . . (ရှိပါပြီဘုရား)။

## မေတ္တာအစစ်ဖြစ်အောင်လုပ်ပါ

ဘယ်လိုပြင်ကြမတုံး (မေတ္တာအစစ်ဖြစ်အောင်လုပ်ရမှာပါဘုရား)။

မေတ္တာအစစ်ဖြစ်အောင်လုပ်ပါ တဏှာ လက်ညှိုးညွှန်ရာကို လိုက်မနေပါနဲ့ (တင်ပါဘုရား) နို့မဟုတ် တဏှာက မေတ္တာလုပ်သွားလိမ့်ဦးမယ် ခင်ဗျားတို့ကို မလုပ်ပေဘူးလား (လုပ်မှာပါဘုရား) တယ်ကြောက်စရာကောင်းပါလား . . . (မှန်ပါဘုရား)။

ဒါကြောင့် ပရမတ်ဟာ မောင်ထွန်းလှိုင်ရ နက်နဲတယ်ဆိုတာ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) ဘယ်သူ့လိမ်တာတုံးမေးတော့ ကိုယ့်ကိုယ်ကို ကိုယ်လိမ်တာ ဘယ်သူ့လိမ်တာတုံး (ကိုယ့်ကိုယ်ကို လိမ်တာပါဘုရား) ကိုယ်လုပ်နေတဲ့ အလုပ် ကိုယ့်ဟာကို မသိအောင် မောင်အေး ကိုယ်လုပ်နေတဲ့ အလုပ်ကို ဘာတုံး (ကိုယ့်ဟာကိုယ် မသိအောင်လုပ်တာပါဘုရား)။

သူ့များ လိမ်စရာ ရှိတာ ကုန်သွားလို့ကွ၊ ကိုယ့်ကိုယ်ကို လိမ်ပြန်တာပဲ ဒီအဓိပ္ပာယ်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား) ကဲ အစ်မတို့ ကျေနပ်ပလား (ကျေနပ်ပါတယ်ဘုရား) ကျေနပ်တာ ဘယ်လိုကျေနပ်တာတုံး (မေတ္တာအစစ်နဲ့ မေတ္တာပို့ရတာကို ကျေနပ်ပါတယ် ဘုရား) အေး ဒီလိုကိုသွားမှ။

နို့မဟုတ်လို့ရှိရင် မေတ္တာပို့တဲ့အနားမှာပဲ သား လင် ခင်ပွန်းတွေကလည်း ရှိနေပြန် ဟုတ်လားကွ . . . စိတ်ကလည်း မြန်လွန်းလို့။

ဟိုဒီရောက်လိုရောက် မိနတို့လိုပေါ့လေ၊ ရန်ကုန်ရောက်လိုရောက် ဒါမေတ္တာဟုတ်သေးရဲ့လားကွ (မဟုတ်ပါဘူးဘုရား) မဟုတ်တော့ဘူးတဲ့ တစ်ခါတည်း တစ်ခါတည်း အမျိုးမျိုးတောက်လျှောက်သွားတော့တာပဲ မောင်ထွန်းလှိုင် မဆိုးဘူးလားကွ (ဆိုးပါတယ်ဘုရား)။

## မေတ္တာစစ်မှ မေတ္တာအကျိုးပြည့်မှာ

အေး . . . ဒါကြောင့် မေတ္တာစစ်စစ်ဖြင့် မဖြစ်နိုင်ကြလို့ မေတ္တာအကျိုးဟာ မပြည့်တာ (တင်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) မေတ္တာစစ်စစ် ဆိုလို့ရှိရင်ဖြင့် မေတ္တာအကျိုးတွေ အကုန်ပြည့်မှာ၊ သေတော့ ဗြဟ္မာပြည်လားတယ် ဆိုတာကိုကွ (တင်ပါဘုရား) မပူမပင်ပဲ သေရမယ်၊ သေလည်း ဗြဟ္မာပြည်လားရမယ်၊ ကောင်းသောအိပ်ခြင်း၊ ကောင်းသောနိုးခြင်းတဲ့များပါဘိ၊ မေတ္တာကျိုးလည်း (၁၆)ပါးလောက်ရှိတာပါပဲ။

အဲဒါ ဘယ့်နှယ်ကြောင့် မပြည့်စုံပါလိမ့်မတုံးဆိုတာ ဒီနေ့ လက်သည်ပေါ်သွားပြီ . . (ပေါ်ပါပြီဘုရား) ဘယ်လို

ကြောင့် ပေါ်သွားတုံး မေတ္တာမဟုတ်လို့ပေါ့ . . ရှင်းပလား (ရှင်းပါပြီဘုရား) ဘာမဟုတ်လို့တုံး (မေတ္တာမဟုတ်လို့ တဏှာပို့ ဖြစ်နေလို့ပါဘုရား) တဏှာပို့ ပို့နေတဲ့အတွက် တဏှာပို့ ဆိုလို့ရှိရင်လည်း ပို့ဖို့လည်း မလိုဘူး (တင်ပါဘုရား)။

တဏှာဆိုတာလည်း ရှောင်ကျဉ်ရမယ့် တရားကိုကွ (တင်ပါဘုရား) ပို့ဖို့လိုသေးလား (မလိုပါဘူးဘုရား) မလိုတာကို မင်းတို့က တစ်ခါတည်း ပြည့်လျှံနေတာချည်း ထပ်ထည့်တော့ ဖိတ်ကုန်မှာပေါ့ (တင်ပါဘုရား) ဒီလိုမကျဘူးလား (ကျပါတယ် ဘုရား)။

## ဆရာကောင်းနဲ့တွေ့လို့ခွဲခြားသိတာ

အဲဒါကြောင့် "ရာဂေါမေတ္တာယ ဝဉ္စေတိ" ဆိုတဲ့ **ပေဋကော ပဒေသ** မှာ လာတဲ့ဥစ္စာ အင်မတန် မှန်ပါတယ် (တင်ပါ) မှန်ဘူးလား (မှန်ပါတယ်ဘုရား) ဒါအခုဆရာကောင်း သမားကောင်းနဲ့ တွေ့လို့ ခွဲသိရတာ (တင်ပါဘုရား)။

နို့မဟုတ်လို့ရှိရင် သေသည့်တိုင်အောင် ခင်ဗျားတို့ ဒီအတိုင်း သွားမှာ . . . (တင်ပါဘုရား) မြင်းခြံက ဒကာကြီး မသွားပေဘူးလား (သွားပါတယ်ဘုရား) ဒီလို ပြင်ပေးမည့်သူ မရှိရင်လေ၊ အခုတော့ မေတ္တာပို့ရင် ရပ်ပစ်လိုက်ဦး၊ သူ လာလို့ ရှိရင် ရပ်ပစ်လိုက်ပါဦး . . ၊ မိန့် ဘာလုပ်ပစ်ရမတုံး (ရပ်ပစ် လိုက်ရမှာပါဘုရား)။

သူက အထွေးလေးဆီ ဖြစ်စေကွာ၊ အကျိုးလေးဆီ ဖြစ်စေ၊ အကန်းလေးဆီ ဖြစ်စေ၊ စိုးရိမ်ဖွယ်ရှိတဲ့လူဆီ ဖြစ်စေ. .၊ သူတို့လေးတွေဆီ နားရောက်သွားတာပဲ . . . (တင်ပါဘုရား) မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

## ခင်တာလေးကို ဖြစ်ပျက်ရှုပစ်

ရောက်သွားတော့ကို ခင်တဲ့ဆီ ရောက်တာလား၊ မခင်တဲ့ဆီ ရောက်တာလား မေးဦး . . . (ခင်တဲ့ဆီ ရောက်တာပါဘုရား) ခင်တဲ့ဆီ ရောက်ရင် အဲဒီ ခင်တာလေး ဖြစ်ပျက်ရှုလိုက်ဦး . . . ရပ်ပစ်လိုက်၊ ရပ်ပြီးတော့မှ သူပျောက်သွားပလားဆိုမှ ကိုယ့်မေတ္တာကို ပြန်ကောက်ပါ (တင်ပါဘုရား)။

တောက်လျှောက် ယူမထားပါနဲ့ သူက လူယောင်ဆောင်ပြီးသကာလ အလုပ်လုပ်နေလိမ့်မယ် (တင်ပါဘုရား) မလုပ်ပေဘူးလား (လုပ်ပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) ဒါဖြင့် ပြင်တတ်ကြပလား (ပြင်တတ်ပါပြီဘုရား) တဏှာဝင်လာရင် ဘာလုပ်ပစ်ရမယ် . . . (ဖြစ်ပျက်ရှုရမယ်) ဖြစ်ပျက်ရှုပစ်လိုက် ဖြစ်ပျက်ရှုပစ်လိုက်တာက ရပ်ပစ်လိုက်တာ . . . (တင်ပါဘုရား)။

သူကို မလာတော့ဘူးဆိုမှ ကိုယ့်မေတ္တာ မဆုံးသေးရင် ရတာ မဆုံးသေးရင် ပြန်ပြီးတော့ မပို့ရပေဘူးလား၊ အဲ . . .

သူပါလာရင်တော့ ရပ်မိအောင် ရပ်ပစ်လိုက်ပါ၊ တောက်လျှောက်ကြီး သူက ထမ်းသွားပါလိမ့်မယ် . . . (တင်ပါဘုရား) ဟုတ်ဘူးလား (တင်ပါဘုရား) မိနု သဘောကျပလား (ကျပါတယ်ဘုရား)။

## ဆွမ်းဆန်ထဲ ကြွက်ချေးရောပြီ

ဘယ်လိုလုပ်မတုံး ပြင်ပေး (ပြင်ရမှာပါဘုရား) ရာဂဝင်လာရင် ဘာလုပ်မယ် . . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုပြီး ဒါတွေရပ်ပစ်လိုက်ပါတော့၊ တော်ပြီ တော်ပြီ မေတ္တာထဲမင်းဝင်လာပြီ၊ ဆွမ်းဆန်ထဲ ကြွက်ချေးရောပြီ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) အဲတော့ ဒီကြွက်ချေးလည်း သန့်မပစ်လို့ရှိရင် ဒကာကြီး တော်ပါ့မလား (မတော်ပါဘုရား)။

အဲတော့ ကြွက်ချေးကိုလည်း ပါမှန်းသိမှ ကောက်တတ်တာကွ (တင်ပါဘုရား) နဂိုက မျက်လုံးမဲကြီးနဲ့တော့ ကြွက်ချေးကောက်တတ်ပါ့မလားကွ (မကောက်တတ်ပါဘုရား) အဲဒါ အခုဆရာဘုန်းကြီးက မျက်မှန်တပ်ပေးတော့ ဒီထဲ ကြွက်ချေးပါနေတယ် . . . မပါဘူးလား (ပါပါတယ်ဘုရား)။

ခင်ဗျားတို့ မေတ္တာပို့တဲ့လူတွေ ကြွက်ချေးပါနေတယ်၊ အဲဒီ့ ကြွက်ချေးကို သန့်ပစ်လိုက်ပါဦး မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) နဂိုကတော့ မင်းတို့က ကြွက်ချေးရောဘာရော (ကြွက်ချေးမှန်းမသိလို့ပါဘုရား)။

## သာမညဆိုရင်မသိဘူး

အဲတော့ ပြင်ဖြစ်အောင် ပြင်ပါလို့ ယနေ့က တိုက်တွန်းရတဲ့နေ့ကွ (တင်ပါဘုရား) ဒါက သာမည ဆိုလို့ရှိရင်ဖြင့် မြင်းခြံက ဒကာကြီးတို့ ဘယ်တော့မှ မသိဘူး (မသိပါဘူးဘုရား) သေသာသေရော ခင်ဗျာတို့ ဘိုးတွေ ဘွားတွေ စဉ်းစားရဲ့လား (မစဉ်းစားပါဘူးဘုရား)။

ရာဂနဲ့ပဲ မေတ္တာထင်ပြီးသကာလ သွားကြမှာပဲ မသွားပေဘူးလား (သွားပါတယ်ဘုရား) အဲတော့ကိုတဲ့ မေတ္တာတော့ မေတ္တာပဲ သို့သော်လည်း ရာဂက ဝင်ဝင်နှောက်တာကို သတိမထားမိတော့ ဒီဥစ္စာဟာ ကုသိုလ်လိုလို အကုသိုလ် သွားဖြစ်တယ် (တင်ပါဘုရား) ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

## မေတ္တာက အထက်လမ်း

အဲဒါကြောင့် **"ရာဂမေတ္တာယဝံနေ့တိ"** ဆိုတဲ့တစ်လုံးဟာ မိနူးသေးတာမဟုတ်ဘူး (တင်ပါဘုရား) အင်မတန်ကြီးကျယ်တဲ့စကား မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) မေတ္တာက အထက်လမ်း၊ ရာဂက အောက်လမ်း၊ ဒီလိုမနေဘူးလားကွ (နေပါတယ်ဘုရား)။

သို့သော်လည်း အောက်လမ်းက အသက်ရှည်သွားတဲ့အခါလည်း မရှိပေဘူးလား (ရှိပါတယ်ဘုရား) အောက်လမ်းက

တစ်ခါတည်း အမျှလည်းယူကြပါတော့ဆိုပြီ မပဟုတ်လားဗျာ အဲ သူက အသက်ရှည်သွားတာက များလေရဲ့ (များပါတယ် ဘုရား)။

မေတ္တာ အထက်လမ်းက ဗြဟ္မာပြည်လမ်းက အတော် နည်းသွားတယ် (တင်ပါဘုရား) ရိပ်မိပလား၊ ဒါကြောင့် မင်းတို့ လှူတာ တန်းတာပေးတာ ကမ်းတာ ဘယ်သူ့ကျန်းမာစေချင်လို့ ဘယ်သူ့ကို ချမ်းသာစေချင်လို့ ဆိုလို့ရှိရင်ဖြင့်၊ ဒါတော်တော် ဆိုးသွားတယ်ကွ၊ မဆိုးဘူးလား (ဆိုးပါတယ်ဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## လွှမ်းဆွတ်သတိရတယ်တဲ့

သို့သော်လည်း အခုခေတ်ကြီးက မွေးနေ့ မွေးရက်ဆိုတဲ့ ဥစ္စာတွေ တခမ်းတနားလုပ်နေတာဗျ မလုပ်ကြဘူးလား (လုပ်ပါတယ်ဘုရား) မွေးနေ့ မွေးရက်ဆိုပြီးသကာလ တခမ်း တနားလုပ်နေတာက နောက်ဆုံးပိတ် သူတို့ ဖိတ်စာသွား ကြည့်တော့ လွှမ်းဆွတ် သတိရတာ သတင်းစာတွေထဲမှာလည်း မပါဘူးလား (ပါပါတယ်ဘုရား)။

သုံးနှစ်ရှိပြီ လွှမ်းဆွတ် သတိရတယ်လို့ လာတာကွ (တင်ပါဘုရား) လွှမ်းဆွတ်တယ် ဆိုကတည်းက မင်း စဉ်းစား

ကြည့်စမ်းပါလားကွ (တင်ပါဘုရား) သေချာ မနေဘူးလား (သေချာပါတယ်ဘုရား)။

အဲတော့ သေချာတာကိုပင် ခင်ဗျားတို့ကလည်း ကိုယ်တတ်နိုင်လို့ရှိရင်တော့ သတင်းစာ မရှိလို့ရှိရင် အမျှဝေမယ် သတင်းစာရှိလို့ရှိရင်လည်း သတင်းစာကနေ ဝေမယ်ဆိုတဲ့ အသွားက အတော်များတာကွ၊ (တင်ပါဘုရား) မများဘူးလား (များပါတယ်ဘုရား)။

## ဘယ်သူ့လက်ချက်တွေများတုံး

သေချာ စဉ်းစားကြည့်တော့ ဒါဘာထင်ကြတုံး မင်းတို့ (ရာဂ ပါဘုရား) ရာဂလက်ချက်ချည်ပဲ၊ မြင်းခြံက ဒကာကြီး ထင်နိုင်ပလား (ထင်နိုင်ပါတယ်ဘုရား) ဘယ်သူ့လက်ချက်တွေ များတုံး (ရာဂလက်ချက်ပါဘုရား)။

မေတ္တာသက်သက်က အတော်နည်းနေတယ် နည်းဘူး လား (နည်းပါတယ်ဘုရား) အဲတော့ ရာဂလက်ချက်တွေက များပြီးသကာလနေတော့ မင်းတို့ တစ်အိမ်လုံးမှာ ဘယ်သူ ချယ်လှယ်နေသတုံးဆိုတာ မင်းတို့ စဉ်းစားကြည့်ပေါ့ပါတယ် . . . ရာဂချယ်လှယ်နေတာ (တင်ပါဘုရား) ဟုတ်ဘူးလား (တင်ပါဘုရား)။

ဟ . . ရေ သက်စေ့ လုပ်လိုက်ဦး၊ ဟော . . . လာပြီ ကွ ရေသက်စေ့ လုပ်လိုက်ဦးတဲ့ ဘယ်သူ့ သက်စေ့တုံးဆို မင်းတို့ စဉ်းစားကြည့်စမ်း၊ ကဲ ဘယ်သူ့ သက်စေ့တုံး (ကိုယ့်ကိုယ်ကိုသက်စေ့) ကိုယ့်ကိုယ်သက်စေ့ တစ်နည်းအားဖြင့် မမာတဲ့လူ သက်စေ့၊ ဟုတ်လား မလာဘူးလား (လာပါတယ် ဘုရား)။

ကဲ ဒါ ဘယ်သူက ငှဲ့တာတုံးတဲ့ (တဏှာကငှဲ့တာ) တဏှာကငှဲ့တာ သူ ကျန်းမာအောင်တဲ့ အသံကတော့ ဟုတ်ပြီ ကောကွ၊ အသံကတော့ မေတ္တာပဲတဲ့ ငှဲ့တာက (တဏှာကပါ ဘုရား)။

## ရေသက်စေ့ မီးသက်စေ့

အဲတော့ ရေသက်စေ့တို့ မီးသက်စေ့တို့ ဆေးသက်စေ့ တို့ပေါ့ကွာ၊ မရှိဘူးလား (ရှိပါတယ်ဘုရား) တချို့များ ဆွမ်းလုံး လေးတွေ များကွာ တစ်ခါတည်း ပန်းကန်ထဲမှာ ပုံထားတာ တစ်ခါတည်းသက်စေ့၊ ဆုပ်ဆုပ်ပြီးတော့ ပုံသေးတယ်ဗျာ၊ ဘယ်သူ့ သက်စေ့တုံးဆိုရင် မိမိသက်စေ့သော်လည်းကောင်း၊ မိမိ ခင်ပွန်းသက်စေ့သော်လည်းကောင်း၊ မိမိကလေး သက်စေ့ သော်လည်းကောင်း သူကျန်းမာဖို့ ချမ်းသာဖို့ လုပ်တာ (တင်ပါ ဘုရား)။

## အသံကတော့ မေတ္တာ

အသံကတော့ မေတ္တာကွ လုပ်တာက တကျော (တင်ပါဘုရား) ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား) အဲတော့ ဆွမ်းတော်ပွဲသွားကြည့်၊ ဒီအလုံးလေးတွေ တွေ့လို့ရှိရင်တော့ မဟုတ်ဘူးသူ့ဟာက မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိတယ်ကွအလုံးလေးတွေနဲ့ ပြီးတော့မှ ဘာနေ့သား၊ ဘာနံသား ဘယ်ပန်းနဲ့ ဘယ်ဟင်းချက်လို့ အဲတော့ ဘယ်ထောင့်များ သွားလိုက်သေးတယ်။

ဒါသာ သတိထားလို့ ဆိုလို့ရှိရင်ဖြင့် နောက်ဆုံးပိတ်တစ်နေ့ကျတော့ ဒီလူမမာကျန်းမာဖို့ပဲကွ (တင်ပါဘုရား) ဘယ်သူ့ ငဲ့နေသတုံးလို့ မေးလို့ရှိရင်ဖြင့် ကိုယ်မသေစေချင်တဲ့လူငဲ့တာ (တင်ပါဘုရား) မသေစေချင်တာ ခင်လို့ပဲ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ခင်လို့လုပ်တဲ့မေတ္တာ ဒါန

မသေစေချင်တာ ဘာတုံး (ခင်လို့ပါဘုရား) ခင်လို့လုပ်တဲ့ ဒါန၊ ခင်လို့ လုပ်တဲ့ မေတ္တာတွေက မများဘူးလား (များပါတယ်ဘုရား) ဒါ ကုသိုလ်ရနိုင်တယ်လို့ ဟောရမယ်ဆိုဒါ ကုသိုလ်ရမယ်လို့ ဟောလို့ ရပ့်မလား (မရပါဘူးဘုရား) မရဘူးတဲ့ တရားကိုယ်က အစစ်ကိုကွ၊ တရားကိုယ်က

အကုသိုလ် ဝင်လာတယ်ဆိုတာ မောင်အေး ရှင်းပလား (ရှင်းပါပြီဘုရား)။

## ငွေကုန်ကျိုးနပ်အောင်လုပ်ပါ

နောက် မင်းတို့ ဆင်ခြင်လုပ်ကြကွ၊ ငွေကုန်ကျိုးနပ်အောင်လုပ်ပါ၊ မြင်းခြံကဒကာကြီး ငွေကုန်ကျိုးနပ်အောင်လုပ်လေ ကောင်းလေ (တင်ပါဘုရား) ဒါနဖြင့် ဒါနသက်သက်ပေါ့ဗျာ မေတ္တာဖြင့်ကော (မေတ္တာသက်သက်ပါဘုရား)။

အခုတော့ အရော အနှောတွေက ရောတာထက်တောင် သူက ဖုံးသွားလိုက်သေးတယ်၊ ဖုံးမသွားဘူးလား (ဖုံးသွားပါတယ်ဘုရား) မေတ္တာဘက်ကို တစ်ခါတည်း သူက တစ်ခါတည်း အုပ်သွားတော့တာပဲ (တင်ပါ) မေတ္တာအညွန့်ပေါက်သေးရဲ့လား (မပေါက်တော့ပါဘူးဘုရား)။

ဒါဖြင့် မေတ္တာ ဘယ့်နှယ်လုပ် အကျိုးပေးမလဲကွ (တင်ပါ့) ပေးနိုင်သေးရဲ့လား (မပေးနိုင်ပါဘုရား) ခုန ဒကာကြီးတို့ မြင်းခြံရွှေ့တဲ့ သစ်ပင်တစ်ပင်ကို လောင်းရိပ်မိနေမယ်ဆိုကတည်းက ဒီသစ်ပင် ကြီးပါဦးမလား (မကြီးပါဘူးဘုရား)။

ဘာဖြစ်လို့တုံး (လောင်းရိပ်မိနေလို့ပါဘုရား) ကြာတော့ ဒီလိုနဲ့ပဲ အညွန့်တုံးပြီး သေရုံပဲမဟုတ်လား (တင်ပါ) ဒီမှာလည်း မေတ္တာပေါ်မှာ ရာဂလောင်းရိပ်က မိနေတာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## မေတ္တာအပေါ် မှာ လောင်းရိပ်မိနေတယ်

မေတ္တာအပေါ် ဘာလောင်းရိပ်မိနေတာတုံး (ရာဂ လောင်းရိပ်မိနေပါတယ်ဘုရား) ပစ္စုပ္ပန်သေမှာပဲကွ အကျိုးပေး စရာ မရှိပါဘူး အသီးစားရမှာ မဟုတ်ပါဘူး၊ ရိပ်မိပလား (ရိပ်မိ ပါပြီဘုရား)။

အဲတော့ စင်စင်ကြယ်ကြယ် လုပ်ကြပါလို့ သတိပေးတဲ့ နေ့ပဲကွ (တင်ပါဘုရား) မေတ္တာပို့ရင် ဘာတုံး (စင်စင်ကြယ်ကြယ် လုပ်ရမှာပါဘုရား) မေတ္တာချည်း သက်သက်လုပ်ပါ (တင်ပါ ဘုရား) တဏှာအရော မခံပါနဲ့ (တင်ပါ) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

မေတ္တာပို့ရင် ဘယ့်နှယ်လုပ်ရမတုံး (တဏှာ မ၄ ၇ပဲနဲ့ ပို့ရမှာပါဘုရား) အေး မေတ္တာချည်းသက်သက် (တင်ပါ) တဏှာ လုံး၀ မဖက်စေနဲ့ သဘောကျပလား (ကျပါပြီဘုရား) ကောင်းပြီ ဒါဖြင့် မောင်ချစ်ဆွေတို့ နောက်ကရောတာတွေ တော့ အသာထားပေါ့ကွာ (တင်ပါဘုရား) ရှေ့ကို (မရောမိ အောင် လုပ်ရမှာပါဘုရား)။

အင်း ရှေ့ကို မရောမိအောင်လုပ်၊ ဘာဖြစ်လို့တုံး ဆိုတော့ ကုသိုလ်လိုချင်လို့ လုပ်တယ်ဆိုပြီးတော့ အကုသိုလ် ဖြစ်နေတာ၊ ဒါ ပဋ္ဌာန်းဉာဏ်လို့ခေါ်ပါတယ် (တင်ပါဘုရား) ပဋ္ဌာန်းကတော့ သိထားတာ ဝီထိခြားနေတာ တစ်ခုက

ကပ်ထွက်သွားတာ၊ ပဌာန်းကတော့ "ရာဂံ ဥပနိဿာယ ဒါန်ဒေတိ သဒ္ဓါ ဥပနိဿာယမာန်ဒေတိ" နဲ့ သဒ္ဓါတရား အကြောင်းအရင်း ခံပြီး၊ ငါဟာ ငါလို့ဆိုနိုင်ဖွယ်ရှိလား ဆိုတာ အဲဒါ အင်မတန် ပေါ်တဲ့ တရား၊ အခုဟာက ဒီလောက် မပေါ်ဘူး။

ကပ်ပြီးတော့မှ တစ်ခါတည်း ဟိုအညွန့် မခပေါက် အောင်၊ သိတောင်မသိလိုက်သူက (မသိပါဘူးဘုရား) သိတောင် မသိလိုက်ဘူး၊ ကဲ ဘယ်လောက် ဆိုးဝါးနေတုံး၊ အေး အသက်အရွယ် လေး ကြီးလာပြီကွ၊ အသက်ကလေးများ ဆက်ကြဦးစို့ ဟုတ်လား မေတ္တာလေးပို့ကြဦးစို့ ဆိုပြီးသကာလ၊ ငါးလေးတွေ မေတ္တာပို့ တာတောင်ကြည့် ခင်းဗျားတို့ . . .၊ ဟော လှတဲ့ ငါးလေး ပိုပို့တယ်။

## မေတ္တာသက်သက်ဟုတ်သေးရဲ့လား

ငါးလေးတွေ အင်တုံထဲ ထဲ့ပြီးတော့ ဒီလှတဲ့ငါးလေး (ပို့ပေးပါတယ်ဘုရား) လှတဲ့ငါး ပို့တယ် ဆိုကတည်းက၊ လှတာ ကို ကြိုက်တာ တဏှာက ကြိုက်ထားတာကိုဗျ (တင်ပါ့ဘုရား) အဲတော့ ဒါ မေတ္တာသက်သက် ဟုတ်သေးရဲ့လား (မဟုတ်ပါဘူး ဘုရား)။

အိမ်ခွေးလေးတွေ ကိုးကောင်ရှိတယ်ကွ၊ သူမေတ္တာပို့လို့ ရှိရင် ဘယ်ခွေးမေတ္တာ ပို့မတုံး၊ လှတာလေးမှ ပို့မယ်ဆိုကတည်းက လှတာလေးက ဘယ်သူက လာတုံး (တဏှာကလာပါတယ် ဘုရား)။

## တဏှာပို့ပဲ ဖြစ်လိမ့်မယ်

အဲဒါလေး ပို့နေလို့ရှိရင် တဏှာပို့ပဲ ဖြစ်လိမ့်မယ်၊ မေတ္တာပို့ မဖြစ်နိုင်ဘူး (တင်ပါဘုရား) ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အဲတော့ မင်းတို့က ခွေးဆိုလို့ရှိရင် ခွေး အတူတူပေါ့ကွာ၊ ဟုတ်ဘူးလား အခုတော့ မဟုတ်ဘူး ထမင်းကျွေးတယ် ဆိုရင်ဖြင့် တစ်မျိုးစီ ဖြစ်လာပြီ၊ ထမင်းကျွေးတယ် ဆိုလို့ရှိရင်ဖြင့် ဟိုခွေးတွေ ရိုက်၊ ဒီခွေးတွေ ကျွေး ဒီလိုတော့ မလာဘူးလား . . . (လာပါတယ်ဘုရား)။

လှတဲ့ခွေးလေး၊ ကိုယ့်သမီးအရွယ်ရှိတဲ့ ခွေးလေးပေါ့ကွာ၊ ကျန်းမာပါစေလို့ ကျွေးတာပါပဲ ကျွေးတာကတော့ . . . နော် . . . ကျွေးတာက ဘာတုံး (ကျန်းမာပါစေလို့ ကျွေးတာပါ ဘုရား)။

ကျန်းမာပါစေလို့ ကျွေးတဲ့အထဲ ဘယ်သူဝင်ရှုပ်နေတုံးကွ (တဏှာက ဝင်ရှုပ်နေပါတယ်ဘုရား) တဏှာက ဝင်လိုက်တော့ သူတို့တော့ မကျန်းမာစေနဲ့၊ သူကျန်းမာပါစေ၊ သူတို့ကို

ရိုက်ထုတ်ကွာ၊ ကျန်တဲ့ခွေးတွေ ရိုက်ထုတ်၊ ဒါမေတ္တာရှိလို့ ကျွေးတာလို့ သူများတော့ ပြောချင် ပြောဦးမှာပေါ့ဗျာ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ဝင်ထားတာ မသိလိုက်ပဲကိုကွ။

## အချိုးကျတဲ့ဘုရားမှ ကြည်ညိုတယ်

ကြားခိုသွားတာ မသိလိုက်ဘူး ဒါ ကီလေသာ ကြားခိုတာနဲ့ အတူတူပဲကွ၊ သဘောကျပလား (သဘောကျပါပြီဘုရား) အဲတော့ကို ဘုရားလေးတွေ ထုထားတယ်၊ သုံးဆူလောက်တန်းထား ခင်ဗျားတို့ သုံးဆူလောက် တန်းထား ပန်းပုဆရာ အချိုးကျတဲ့ ဘုရားကို ခင်ဗျားတို့ ကြည်ညိုတယ်။

## ဥဒ္ဒိဿဆိုတာ ရည်မှန်းတာ

အဲဒီက ဥဒ္ဒိဿ ဟို ဘုရားကို ရည်မှန်း၍ ဆိုတော့ ဟိုဘုရားဆီ ရောက်သေးရဲ့လား (မရောက်ပါဘူးဘုရား) ဒီတင်ရောက်နေတာ ဒီဘုရား မြင်သဖြင့် ဟိုဘုရားကို ကျုပ်တို့က ရောက်ရမှာကိုဗျ (တင်ပါ) ဒါဘုရားစစ်မှ မဟုတ်ပဲ၊ ဥဒ္ဒိဿဆိုတာ ရည်မှန်းထားတာ (တင်ပါဘုရား)။

## ပန်းပုဆရာရှိခိုးသလိုဖြစ်နေတယ်

သို့သော်လည်း ပန်းပုဆရာမှာ လမ်းဆုံးနေတာများ

တယ် မောင်အေး ဘယ်လမ်းဆုံးတုံး (ပန်းပုဆရာ လမ်းဆုံး ပါတယ်ဘုရား) ဝွကျနေပြီ၊ ပန်းပုဆရာ ရှိခိုးနေသလို ဖြစ်နေမှာပေါ့ကွ၊ ဒီမရောက်ဘူးလား (ရောက်ပါတယ်ဘုရား) အတော်ဆိုးနေ တာကွ မောင်ချစ်ဆွေ ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ဒါက သူကလှည့်ဝင်သွားတာ မသိလိုက်လို့ ဖေါ်လို့ မရတာပါကွ၊ ဟောဒီဘုရားလေးကို အချိုးကျတယ်၊ ဒီဘုရား လေး ရောက်လာမှ အိမ်မှာလည်း စီးပွားရတနာ နေရာကျတယ် ဆိုတော့ ဘယ့်နှယ်ဖြစ်နေတုံး၊ တဏှာက ပါပါ မသွားဘူးလား . . . (ပါပါတယ်ဘုရား)။

တဏှာက ပါသွားတော့ ဒီပြင်ဘုရားတွေလည်း ကြည်ညိုပါရဲ့၊ မကြည်ညိုလို့ မဟုတ်ပါဘူးဆိုပြီး ကန့်ကွက် လိုက်သေးတယ် (တင်ပါဘုရား) ကြည်တော့ ကြည်ညိုပါတယ် မကြည်ညိုလို့တော့ မဟုတ်ပါဘူး။

မိနုတို့ ဒီဥစ္စာတွေကော မရှိဘူးလား (ရှိပါတယ်ဘုရား) မိနုတို့အိမ်မှာ ဘုရားလေးတစ်ဆူ မရှိဘူးလား (ရှိပါတယ်ဘုရား) ဦးဝင်းက ဘုန်းကြီးတစ်ခါပြရဦးမယ်တဲ့ ဘုရားလေး၊ သူ့ ဘုရား လေး အတော်နေရာကျပုံပေါ်တယ်၊ ရွှေဆင်းတုမှာ ဆင်စွယ် တောင် လုပ်ထားတယ်ဆိုတာကိုဗျ သူကလည်း . .။

## ရူပါရုံတင်ကြည်ညိုတာ၊ ဉာဏ်တော်မရောက်ဘူး

အဲတော့ ဒီဟာသည်ကားလို့ ဆိုရင်ဖြင့်တဲ့၊ ရူပါရုံတင် ရောက်နေတာ ဘုရားမရောက်တော့ဘူးနော် . . . (မှန်ပါ့ဘုရား) ရူပါရုံတင် ရောက်ပြီးသကာလ၊ ရူပပသာဒပုဂ္ဂိုလ်တဲ့ ရူပါရုံတင် ကြည်ညိုတာ သဗ္ဗညုတဉာဏ် မရောက်ဘူးတဲ့ (တင်ပါ) ရောက် သေးရဲ့လား (မရောက်ပါဘူးဘုရား)။

မရောက်တော့ကိုတဲ့ ဒီဥစ္စာ တဏှာဝင်ခိုတာပဲ မခိုဘူး လား (ခိုပါတယ်ဘုရား) တဏှာဝင်ခိုနေတော့ ဘုရားတော့ ရှိခိုး ပြီးသွားပြီ ရှိခိုးတဲ့ ကုသိုလ်စိတ်ကို မလာဘူး (တင်ပါဘုရား) ဝဋ္ဋလိ ရှိခိုးနည်း ဖြစ်နေတာပေါ့ကွ (မှန်ပါဘုရား)။

ကြည့်ကောင်းတာနဲ့ ကြည့်နေတာပဲ၊ ကြည့်ကောင်း တာနဲ့ ကြည့်တယ်ဆိုလိုက်ပါ၊ အကြည်ညိုတော့ မထည့်ပါနဲ့ အကြည်ညိုထည့်လိုက်လို့ရှိရင် သဒ္ဓါပါသေးတာကိုဗျ (တင်ပါ ဘုရား)။

## ကြည့်ကောင်းတာနဲ့ ကြည့်နေတာ

ကြည့်ကောင်းတာနဲ့ ကြည့်နေတာပဲဆိုတော့ ဘယ့်နှယ် နေတုံးဗျ တဏှာလောဘ ဖြစ်မနေဘူးလား (ဖြစ်ပါတယ် ဘုရား) ရှင်းပလား တချို့များ ဘုရားကြီးရှေ့မှာ မောင်ထွန်းလှိုင် တစ်ခါတည်း ထိုင်ပြီး မျက်နှာတော်ကြီးများ ဖူးနေလိုက်တာ ဆိုတော့ အတော်ဟုတ်နေတာပေါ့ကွ၊ (တင်ပါဘုရား)။

အရပ်က ဘုရားတွေကျတော့ ဒီလိုဖူးရဲ့လားလို့ မေးရင် ဒီမှာက ကြုံခဲ့သကို၊ ခုလို ရွှေစလွယ်ကြီးတွေနဲ့ စိန်တွေ အမျိုးမျိုးနဲ့ မကိုဋ်တော်ကြီးနဲ့ ပလ္လင်ကြီးကလည်း ကျောက်တွေ အမျိုးမျိုးစီလို့ ပန်းကလေးတွေနဲ့ ခတ်မီးတွေနဲ့ဆိုတော့ ရှုပါရုံ တင်ရပ်နေတာဗျ၊ မရပ်ဘူးလား ရပ်လား (ရပ်ပါတယ်ဘုရား)။

## ကျေးဇူးတော်ရှင်ဆိုတာ ရောက်သေးရဲ့လား

သဗ္ဗညုတဉာဏ်ရောက်သေးရဲ့လား (မရောက်ပါဘူး ဘုရား) ကျေးဇူးတော်ရှင် ဆိုပြီးသကာလ ကိုယ့်မှာ သူပြောလို့ သိရပေတယ် ကျင့်ရပေတယ်လို့ အဲ့ဒီကျအောင် ရောက်သေး ရဲ့လား (မရောက်ပါဘူးဘုရား) ရှုပါရုံတင် ရပ်နေတာ၊ အဆင်း တင် ရပ်နေတယ်ဆိုကြပါစို့၊ သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ကဲ ဒီတွင် တော်ဦးကွာ။

သာဓု . . . သာဓု . . . သာဓု။